ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ကဆုန်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊ (29-4-2004)(၄၂၁၈)

အရိယ သစ္စာန ဒဿနံ
တေ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး
တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ယနေ့ထုတ်စောင်ရေ

၁၉၅၉၆၃

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ တာဘို၊ အမ်၊ အမ်ဘီကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ဆိုင်ရာ မြန်မာနိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr. Won Bae Dahn အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ
(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄/၂၀၀၄)
၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၀၄ခုနှစ်၊ ဧပြီလ ၂၈ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ သို့မဟုတ် ဒေသဆိုင်ရာ သဘောတူ စာချုပ်ဝင်နိုင်ငံနှင့်ဖြစ်စေ၊ နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံနှင့်ဖြစ်စေ၊ အဆိုပါ ကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံသဘောတူ စာချုပ်ဝင်နိုင်ငံ မဟုတ်သော်လည်း အပြန်အလှန်အကူအညီပေးရန် စည်းကမ်းချက်ဖြင့် သဘောတူသည့် နိုင်ငံနှင့်ဖြစ်စေ ပြစ်မှုဆိုင်ရာကိစ္စရပ်များအတွက် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတစ်ရပ်ရပ်ကို အကူအညီပေးခြင်းနှင့် သက်ဆိုင်စေရမည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

ရန်ကုန် ဧပြီ ၂၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ဆိုင်ရာ မြန်မာနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်အား လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ဆိုင်ရာ မြန်မာနိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr.Won Bae Dahn အား ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၉-၄-၂၀၀၄
(ကြာသပတေးနေ့)

လျှပ်စစ်စီမံကိန်းများပြီးစီးရေး ကြိုးပမ်းဆောင်ရွက် တိုးတက်ရရှိလာသော လျှပ်စစ်ဓာတ်အား စနစ်တကျသုံးစွဲ

ယနေ့ကာလသည် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်နေသော အချိန်အခါဖြစ်သည်။ ယင်းသို့ကြိုးပမ်းတည်ဆောက်ရာတွင် လျှပ်စစ်စွမ်းအားကဏ္ဍသည် အဓိကကျသည့် မောင်းနှင်အားတစ်ခုဖြစ်သည်။

လျှပ်စစ်စွမ်းအား တိုးတက်ဖွံ့ဖြိုးမှုသည် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်စပ်အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၇ ရက်နေ့က ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် စပ်လျဉ်းပြီး အမှာစကားပြောကြားရာတွင် **စီမံကိန်းလုပ်ငန်းများအပါအဝင် အခြေအနေအရပ်ရပ်ကို တညီတညွတ်တည်း နားလည် သဘောပေါက်ပြီး တာဝန်ခံဌာနများက ဖိဖိစီးစီး ကြိုးကြိုးစားစား အကောင်အထည်ဖော်ရမှာ ဖြစ်သကဲ့သို့ ပံ့ပိုး အထောက်အကူပြုရမည့် ဝန်ကြီးဌာနများကလည်း လိုအပ်သည်များကို ထိထိမိမိ ပံ့ပိုးအထောက်အကူပြုရမှာဖြစ်ကြောင်း** မှာကြားသွားသည်။

နိုင်ငံတော်က လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ရေ၊ မြေ သဘာဝသယံဇာတများ ဖြစ်တည်နေမှုအလိုက် မဟာဓာတ်အားလိုင်းစနစ်အတွင်း အကျုံးဝင်သည့် လျှပ်စစ်စီမံကိန်းလုပ်ငန်းကြီးများနှင့် နယ်မြေဒေသအလိုက် ဒေသတွင်းသုံးစွဲရန် ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်းလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို တွေ့ရသည်။

မဟာဓာတ်အားလိုင်း စနစ်အတွင်း အကျုံးဝင်သည့် လျှပ်စစ် စီမံကိန်းလုပ်ငန်းကြီးများမှာ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်ပြီး အချက်အချာကျသည့် နယ်မြေဒေသများနှင့် အဓိကစက်မှုနယ်မြေများကို လျှပ်စစ်ဓာတ်အား ပေးနိုင်ရန်ဖြစ်သည်။ ဒေသတွင်းသုံးစွဲရန် တည်ဆောက်သည့် လျှပ်စစ်စီမံကိန်းများသည် ဒေသအလိုက် စီးပွားဖွံ့ဖြိုး တိုးတက်ရေးနှင့် လူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်း တည်ဆောက်လျက်ရှိခြင်းဖြစ်သည်။

ယခုအခါ မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းရန် လျှပ်စစ်စီမံကိန်းကြီး ၁၁ ခုကိုတည်ဆောက်လျက်ရှိသည်။ယင်းတို့မှာ မုန်းချောင်း၊ ပေါင်းလောင်း၊ တီကျစ်၊ ရဲနွယ်၊ ရွှေလီ၊ ကျိုင်းတောင်း၊ ဖြူးချောင်း၊ ခပေါင်း၊ ကွန်းချောင်း၊ ရွှေကျင်နှင့် ရဲရွာရေအားလျှပ်စစ် စီမံကိန်းများဖြစ်သည်။ ယင်းစီမံကိန်းများအနက် တီကျစ်စီမံကိန်းတစ်ခုသာ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ဖြစ်သည်။

အဆိုပါစီမံကိန်းများအနက် မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် တီကျစ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းတို့မှာ မကြာမီကာလအတွင်း တည်ဆောက် ပြီးစီး ဖွင့်လှစ်နိုင်ရေးကြိုးပမ်းလျက်ရှိသည်။ အဆိုပါစီမံကိန်း သုံးခုမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်စုစုပေါင်း ၄၇၅မဂ္ဂါဝပ်ရရှိနိုင်မည် ဖြစ်သည်။

နိုင်ငံတော်က မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းနိုင်ရေး အတွက် လာမည့်လေးနှစ်ကာလအတွင်း တည်ဆောက် အကောင်အထည်ဖော်မည့် လျှပ်စစ်စီမံကိန်းကြီးများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အလားတူဒေသတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်စီမံကိန်းများကိုလည်း အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့်လျှပ်စစ်ဓာတ်အားများ အပြည့်အဝရရှိစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက လျှပ်စစ်စီမံကိန်းများ အချိန်မီပြီးစီးရေး အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန်နှင့် တိုးတက်ရရှိလာသော လျှပ်စစ်ဓာတ်အားများကို အဖြုန်းအတီးမရှိစေရေး စနစ်တကျ ခြိုးခြံချွေတာသုံးစွဲသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဧပြီ၂၈ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ဆိုင်ရာ မြန်မာနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် **Mr.Won Bae Dahn** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ရေကြောင်းရဲညွှန့်လောင်းသင်တန်း(မြိတ်စခန်း) အခြေခံနှင့် တန်းမြင့်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ်သော တပ်မတော်(ရေ)ရေကြောင်း ရဲညွှန့်လောင်း သင်တန်း(မြိတ်စခန်း)အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၀၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ရက် နံနက် ၉ နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်၊ တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး ဝင်းရှိန်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့် တနင်္သာရီရေတပ်စခန်း ဌာနချုပ်ဌာနချုပ်မှူး ဗိုလ်မှူးကြီးဝင်းရှိန် တို့က အမှာစကားအသီးသီးပြောကြားကြသည်။

အခမ်းအနားရုပ်သိမ်း

ထို့နောက် အလှူရှင်အသီးသီးက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ တပ်မတော်(ရေ)ရေကြောင်း ရဲညွှန့်လောင်းသင်တန်း(မြိတ်စခန်း)တွင် အခြေခံ သင်တန်းသား ၅၀နှင့် တန်းမြင့် သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ချင်းတိုင်းရင်းသားများ တိုင်းရင်းသားကျေးရွာလေ့လာ

ရန်ကုန် ဧပြီ ၂၈

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန် ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ချင်းပြည်နယ် ရေဇွာဒေသမှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင် ၅၀ တို့သည် ယနေ့နံနက်ပိုင်းတွင် မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်း အမှတ် ပြတိုက်နှင့် တပ်မတော်စစ်သမိုင်း ပြတိုက်တို့သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။ လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ၎င်းမှတစ်ဆင့် ရှုခင်းသာ အပန်းဖြေစခန်းသို့ သွားရောက် အပန်းဖြေ လေ့လာကြသည်။ (သတင်းစဉ်)

အာဆီယံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ တတိယအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (၂၀၀၄-၂၀၀၉) လုပ်ငန်းကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်း အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေး မှူးများ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သစ်တော ရေးရာ ဝန်ကြီးဌာန၊ အမှတ်(၂)စက်မှု ဝန်ကြီးဌာနတို့မှ ဖိတ်ကြားထားသူများ၊ အစည်းအဝေးတွင် ပါဝင်ဆွေးနွေး ကြမည့် စွမ်းအင်ကဏ္ဍဆိုင်ရာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံ အဖွဲ့ဝင် ၁၀နိုင်ငံမှ အာဆီယံ စွမ်းအင် ကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ် လုပ်ငန်းကော်မတီဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန် ရှိပုဂ္ဂိုလ်၊ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် ခြောက်ခုဖြစ်သော ASCOPE, HAPUA, AFOC, EE&C-SSN, NRSE-SSNနှင့်REPP-SSNကဏ္ဍ တို့မှ ကိုယ်စားလှယ်များ၊ အာဆီယံ စွမ်းအင်ဆိုင်ရာ ဗဟိုဌာန အမှုဆောင် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးက အဖွင့်အမှာစကားပြောကြား သည်။ ဆက်လက်၍ အာဆီယံ စွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ အမှုဆောင် ညွှန်ကြားရေးမှူးက အမှာစကား ပြောကြားပြီး အစည်းအဝေး အစီအစဉ် များကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးကို ဧပြီ ၂၉ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံစွမ်းအင် ကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်(၂၀၀၄-၂၀၀၉) လုပ်ငန်း ကော်မတီ၏ တတိယအကြိမ် အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးတက်ရောက် အမှာစကား ပြောကြားစဉ်။ (စွမ်းအင်)

လယ်တီဝိပဿနာခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂၈

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇၁)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို မေ ၃ ရက်မှ ၁၁ ရက်အထိကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ညီလာခံကို ဂုဏ်ပြုပါသည်

ယုဝတီခင်ဦး

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကြီးသည် စည်ကားသိုက်မြိုက်စွာ၊ မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံစွာ ကျင်းပနိုင်ခဲ့ပါသည်။

ပိတောက်ရွှေဝါရောင်ဆင်တူ အဝတ်အစားများနှင့် မိခင်နှင့်ကလေးအသင်းသူများသည် ရွှေနိုင်ငံတော်ကိုရွှေရောင်ဝင်းခြယ်လျက်ရှိသည်။ ပြုံးရွှင်နေသော မျက်နှာကလေးများသည် ပိတောက်ပွင့်များကဲ့သို့ လှပနေ၏။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ (၁၄) ကြိမ်မြောက် ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သော အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာတွင် "နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူမှုရေးဘဝ ဘက်စုံတိုးတက်ရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံ စွမ်းဆောင်နေသည့် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းကြီး အရှိန်အဟုန်မပျက် ထက်ထက်မြက်မြက် လှုပ်ရှား ဆောင်ရွက်နိုင်အောင် တစ်ဖက်ကလည်း အားပေးထောက်ကူပေးလျက် ရှိနေကြောင်း။

"နိုင်ငံတော်၏ လူဦးရေအများဆုံးဖြစ်သည့် မိခင်နှင့် ကလေးများကို ပြုစုစောင့်ရှောက် မြှင့်တင်ပေးခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် လွန်စွာမှအရေးပါလှသည့်အပြင် အခြေခံအကျဆုံးလည်းဖြစ်သည့် လူမှုရေးပြုစုပျိုးထောင်မှုတစ်ရပ်ဖြစ်ကြောင်း။

"မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိအမျိုးအနွယ်တွေအတွက် ခိုင်မာပြည့်စုံသော အနာဂတ်ကို ကြိုတင်ပျိုးထောင်ပေးခြင်းလည်း ဖြစ်ကြောင်း၊ အမျိုးသားရေးအဓိပ္ပာယ်၊ အမျိုးသားရေး အနှစ်သာရတို့နှင့် ပြည့်လျှမ်းနေသည့် မွန်မြတ်သော လူမှုစောင့်ရှောက်ရေး လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

"ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မိခင်နှင့် ကလေးများ၏ ကျန်းမာရေး စောင့်ရှောက်မှု အပါအဝင် လူမှုဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို မေတ္တာ၊ ကရုဏာ၊ စေတနာတို့ ပေါင်းစပ်ပါဝင် ဆောင်ရွက်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့တစ်ရပ်ဖြစ်သော မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းကြီးကို သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ဖွဲ့စည်းထူထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

"မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးက စည်းရုံးဦးဆောင်လျက်ရှိသည့် အချိန်အခါဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆင့်ဆင့်က အသင်းဝင်များအားလုံးကလည်း အမျိုးသမီးကဏ္ဍ၏ ဦးဆောင်အဖွဲ့အစည်းကြီးဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် တက်ညီလက်ညီပူးပေါင်းပါဝင်သွားကြမည်ဟု ယုံကြည်ထားပြီးဖြစ်ပါကြောင်း" မြွက်ကြားသွားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများမှာ များစွာကျယ်ပြန့် ဖြန့်ကြက်လျက်ရှိသည်။

- ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးဝန်ကြီးဌာန၏ နည်းပညာများ ပံ့ပိုးမှုရယူ၍ ပူးပေါင်းဆောင်ရွက်နေခြင်း၊
- သားဖွားခန်းဖွင့်လှစ်၍ ကိုယ်ဝန်ဆောင်များကို စောင့်ရှောက်မှုပေးခြင်း၊ အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်း၊
- ကလေးအာဟာရ ပြုစုဆောင်ရွက်ခြင်း၊
- အိုင်အိုဒင်း ချို့တဲ့မှုကြောင့် ကလေးသူငယ်များ ဉာဏ်ရည်မမီဖြစ်ခြင်းကို ကာကွယ်ခြင်း၊
- အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊
- တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊
- ငှက်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်း၊
- မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်သည့် ပညာပေးလုပ်ငန်း၊
- သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်း၊
- မူကြိုကျောင်းဖွင့်လှစ်ခြင်း၊
- ချို့တဲ့ကလေးများ ပညာသင်ထောက်ပံ့ခြင်း၊
- 'အ' သုံးလုံးကျေသင်တန်းဖွင့်ခြင်း၊
- ငွေစုငွေချေးလုပ်ငန်း၊
- မိသားစုဝင်ငွေတိုးလုပ်ငန်း၊
- မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အခြားချို့ယွင်းမှုများကို ကျန်းမာရေးဝန်ကြီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်းကာ အခမဲ့ ကုသပေးသည့်လုပ်ငန်း၊
- မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)တွင် ရောဂါရှာဖွေရေး ဆေးခန်း Diagnostic Centre ဖွင့်လှစ်ထားခြင်း၊

စသည့် နိုင်ငံတော်တစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများမှာ မရေတွက်နိုင်ပေ။ ကျောင်းနေအရွယ် ကလေးများ အတွက် စုစုပေါင်း ကျောင်းသူ၊ ကျောင်းသား ဆယ်သိန်းကျော်ပညာသင်စရိတ် ထောက်ပံ့ပေးလျက် ရှိပေသည်။

ထိုနေ့ညီလာခံဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အစည်းအဝေးခန်းမရှိ လှုပ်ရှားမှု မှတ်တမ်းတင်ဓာတ်ပုံများ၊ ထုတ်ဝေသော ကျန်းမာရေး ပညာပေးစာစောင်များ၊ ဗီဒီယိုအခွေများ၊ မဂ္ဂဇင်းများကို ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ အထိမ်းအမှတ်ဈေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ရာတွင် အသင်းသူများ၊ ဧည့်သည်တော်များ စည်စည်ကားကားရှိလှသည်။ မိုးပျံဘောလုံးတို့ အမြင့်သို့ပျံတက်ရာကို မော့ကြည့်၍ လက်ခုပ်များတီးကာ မင်္ဂလာသြဘာပေးကြသည်။

ပြည်နယ်၊ တိုင်းအသီးသီးက မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီများက ဒေသခံပစ္စည်းများ ဖွင့်လှစ်ရောင်းချကြသည်။ ရောင်းချသူ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း ပြည်ထောင်စုသူလေးများ၏ အလှအပနှင့် ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများမှာ ချစ်စဖွယ် ယဉ်ကျေးလှသည်။

ဂုဏ်ပြုညစာစားပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အသင်းကြီးသည် လူမှုရေးအသင်းအဖွဲ့ တစ်ရပ်ဖြစ်သည့်အတွက် အသင်းဝင်အားလုံးသည် အသိပညာရှင်၊ အတတ်ပညာရှင်များ မဟုတ်ကြကြောင်း၊ လိုအပ်သော နည်းပညာ၊ အတတ်ပညာများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အကူအညီယူခဲ့ရကြောင်း၊ နီးနွယ်ဆက်စပ်မှု အများဆုံးဌာနများမှာ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ဖြစ်ကြောင်း။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်အနေဖြင့် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းအနေဖြင့် မိတ်ဖက်ဖြစ်သော ပြည်တွင်း၊ ပြည်ပမှ လူမှုရေး အဖွဲ့အစည်းအသီးသီးနှင့် အခါအားလျော်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့က စိတ်အားထက်သန်သောကဏ္ဍမှ ပူးပေါင်းပါဝင်ပြီး နှစ်ပေါင်းများစွာ စေတနာထား၍ ကူညီထောက်ပံ့မှုများလည်း ရရှိကြောင်း ပြောကြားသွားပါသည်။

ထို့နောက် ၂၀၀၃ ခုနှစ်အတွင်း ထူးချွန်စွာလုပ်ငန်းများ ဆောင်ရွက်နိုင်သော ပြည်နယ်နှင့် တိုင်းများကိုလည်းကောင်း၊ အရည်အသွေး မြင့်မားသော စာတမ်းရေးသား ပြုစုခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများကိုလည်းကောင်း ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ ဧည့်သည်တော်များနှင့် မြန်မာပြည်သူ၊ ပြည်သားအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ခညောင်းသည့် နှစ်ကူးအခါသမယဖြစ်ပါစေကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ဆုမွန်ကောင်း တောင်းပေးပါကြောင်း နှုတ်ဆက်အမှာစကား ပြောကြားခဲ့ပါသည်။

ညီလာခံကြီးကားဖွင့်ပွဲ၊ ဆွေးနွေးပွဲတို့ဖြင့် စည်စည်ကားကား မင်္ဂလာရှိစွာ ပြီးဆုံးသွားခဲ့ပေပြီ။ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဆောင်ရွက်ကြရဦးမည် ဖြစ်သည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက တိုက်တွန်းပြောကြားရာတွင် " ကျွန်မတို့ အသင်းဝင်များအားလုံး အခုရရှိခဲ့တဲ့ အောင်မြင်မှုနဲ့ တင်းတိမ်ရောင့်ရဲမနေဘဲ ဆက်လက်ပြီး ယခုထက် ပိုမိုအောင်မြင်မှု ရရှိရန် စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ ကြိုးစားဆောင်ရွက် သွားပါလို့ တိုက်တွန်းလိုပါတယ်" ဟု နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

သို့ဖြစ်ရာ အနယ်နယ်အရပ်ရပ်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် အားလုံးသည် ပြည်သူတစ်ရပ်လုံး၏ ပါဝင်ပေါင်းစပ် ကူညီမှုကိုရယူကာ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များဖြစ်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စိတ်ရောကိုယ်ပါ အားထည့်၍ ဆက်လက်ဖော်ဆောင်ကြပါစို့ဟု ဆန္ဒပြုလျက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ညီလာခံကြီးကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

မဟာဝိဇယ စေတီတော်မြတ်ကြီးတွင် ကဆုန် ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်မြို့ ဓမ္မရက္ခိတကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာဝိဇယစေတီတော်မြတ်ကြီး၏ (၁၈)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်း ပွဲတော်ကို ၁၃၆၆ ခု ကဆုန်လပြည့်နေ့ (မေ ၃ ရက်) နံနက် ၈ နာရီတွင် စေတီတော်ကြီး၏ မဟာဗောဓိပင်၌ ဆင်ယင်ကျင်းပရန် စီစဉ်ထားသည်။

ကျင်းပမည်

ကဆုန်ညောင်ရေသွန်းပွဲတော်ကို မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ မြန်မာ့ရိုးရာ စဉ်လာမပျက် ဝင်းခင်းမင်္ဂလာဖြင့် ကျင်းပမည်ဖြစ်သည်။

ရွှေတိဂုံစေတီတော်ကြီး၏ ဂေါပကအဖွဲ့နှင့် ဝေယျာဝစ္စ အကျိုးဆောင်အဖွဲ့တို့က ပံ့ပိုးဦးဆောင်ပြီး ဘာသာရေးအသင်းအဖွဲ့များနှင့်အတူ အခမ်းအနားကို အဆိုပါနေ့ နံနက် ၈ နာရီတွင် ဖွင့်လှစ်၍ ညောင်ရေသွန်းပွဲတော်ကို ကျင်းပပြီး ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ဘာသာရေးအသင်းအဖွဲ့များနှင့် ရဟန်းရှင်လူ ပြည်သူများက ညောင်ရေသွန်းလောင်းကြမည် ဖြစ်သည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ဗောဓိရိပ်ငြိမ်တောရ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ဝါးနက်ချောင်းကြီးကျေးရွာအနီး ဗောဓိရိပ်ငြိမ်တောရတွင် ၁၃၆၆ခု ကဆုန်လပြည့်ကျော် ၃ ရက်မှ နယုန်လဆန်း ၃ရက်အထိ (၁၅)ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းပွဲတွင် ဗုဒ္ဓေါရသအရှင်ဣန္ဒာစရိယက သတိပဋ္ဌာန် ဝိပဿနာတရားများ ပြသပေးမည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများ ဒေါ်ခင်လှတင် (ဖုန်း-၂၄၂၉၈၅၊ ၃၇၁၈၉၈၊ ၀၉-၉၉-၂၄၇၉၂၊ ၀၉-၅၀-၂၁၂၄၄ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Importance of Micro Business in Economics Development (အိမ်တွင်းစီးပွား)
၅:၃၀	၉။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ **ဆိုဗီယက်ရုရှားပြန် ဦးမောင်မောင်ဦးစီးသောအာဇာနည်စန်းစန်းဆပ်ကပ်အဖွဲ့၏တင်ဆက်ဖျော်ဖြေမှု (အပိုင်း-၁)**
၇:၀၀	၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ဝင်းပပလှသူလေးရယ်"(အပိုင်း-၄)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၈။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
	၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၁၂)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးမူဝါဒ မောက်မာမှုရှိပြီး အောင်မြင်မှုမရနိုင်

ဘာလင် ဧပြီ ၂၇

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးမူဝါဒသည် မောက်မာမှုရှိပြီး အီရတ်နိုင်ငံတွင် အောင်မြင်မှုမရခဲ့သော မဟာဗျူဟာကို ဆက်လက်ကျင့်သုံးနေကြောင်း လာမည့် မေလတွင် ဂျာမနီနိုင်ငံ သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် သမ္မတလောင်းဟော့စ်ကိုလာက စွပ်စွဲပြောကြားလိုက်သည်ဟု သတင်းဌာနများက တနင်္လာနေ့တွင် ဖော်ပြသည်။

အမေရိကန်အစိုးရသည် ကျူးကျော်စစ်ပွဲ၏ နောက်ပိုင်းကာလတွင် ၎င်း၏မဟာဗျူဟာကို အောင်မြင်စေရန် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ စိုးရိမ်ဖွယ်ရာ ကောင်းသည့် အမှားများကိုသာ ဆက်တိုက် ကျူးလွန်ခဲ့ကြောင်း ကိုလာက ဂျာမနီနိုင်ငံ အနောက်ပိုင်းဒေသရှိ ဒူဆယ်ဒေါ့ဖ်မြို့တွင် ဒေသဆိုင်ရာအမတ်များနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့သည်။

ကိုလာ၏ ပြောရေးဆိုခွင့်ရှိသူ အာနီဒယ်က ယင်းဝေဖန်ပြောကြားမှုကို တုံ့ပြန်ပြောကြားခြင်းမရှိပေ။

ဂျာမန်နိုင်ငံသားများနှင့် ဥရောပတိုက်သားများပြုလုပ်ခဲ့သည့်အတိုင်း အမေရိကန်နိုင်ငံသားများသည် အမှားအယွင်းလုပ်ဆောင်ခဲ့ကြောင်း ကိုလာနှင့် နီးစပ်သူများက ပြောကြားကြသည်။

အဆိုပါ ဝေဖန်ပြောကြားမှုသည် အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီ၏ အမေရိကန်လိုလားသည့် မူဝါဒနှင့် ဆန့်ကျင်လျက်ရှိသည်။

ကိုလာ၏ ဝေဖန်ပြောကြားမှု အနှစ်သာရကို မိမိအပြည့်အဝကြိုဆိုကြောင်းဖြင့် လစ်ဘရယ်ဖရီး ဒီမိုကရက်ပါတီ ခေါင်းဆောင် ဝက်စတာဝဲလ်က ဂျာမန်သတင်းစာတစ်စောင်သို့ ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မီးလောင်ပျက်စီး

ဧပြီ ၂၄ ရက်က ရှီးယိုက် ခေါင်းဆောင် အယ်လ်ဆာဒါးအား ထောက်ခံသူများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် မီးလောင်ပျက်စီးနေသည့် ကားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီတလီတပ်ဖွဲ့ဝင်များ အီရတ်မှပြန်ရုပ်သိမ်းရန် ပြည်သူများတောင်းဆို

ရောမ ဧပြီ ၂၇

အီတလီနိုင်ငံတွင် ထောင်ချီရှိသည့် အီတလီနိုင်ငံသားများသည် လမ်းမများပေါ်သို့ တနင်္ဂနွေနေ့က ထွက်လာကြပြီး အီတလီတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ ရုပ်သိမ်းရန် အစိုးရအဖွဲ့အား တောင်းဆိုကြသည်။

ရောမမြို့တော်တွင် ပြည်သူလူထုက မြူနီစီပါယ်အစိုးရတည်ရှိရာ ကမ်ပီဒေါ်လီယို ရင်ပြင်သို့ စုရုံးရောက်ရှိလာကြပြီး အီတလီက အီရတ်စစ်ပွဲတွင် လက်ရှောင်ရန်နှင့် အီရတ်မှ အီတလီတပ်ဖွဲ့ဝင်များ အမြန်ဆုံးရုပ်သိမ်းပေးစသည်တို့ ဖော်ပြထားသည့် နဖူးစည်း စာတန်းများကို ကိုင်ဆောင်ထားကြသည်။

ပါဝင်

ဂရင်းပါတီနှင့် အခြားနိုင်ငံရေး ပါတီများမှ ခေါင်းဆောင်အများအပြားသည် ရောမမြို့တော်တွင် ပြုလုပ်သည့် ဆန္ဒပြပွဲ၌ ပါဝင်ကြသည်။

အီတလီမြောက်ဖျားပိုင်း မီလန်မြို့တွင်လည်း ဆန္ဒပြသူများ စုရုံးရောက်ရှိလာကြပြီး အီရတ်နိုင်ငံအား ပြည်ပတပ်များ သိမ်းပိုက်ထားမှု အဆုံးသတ်ရေးနှင့် အီရတ် ပြည်သူလူထုထံ အာဏာ အမြန်လွှဲပြောင်းအပ်နှင်းရေးကို တောင်းဆိုကြသည်။

စေလွှတ်

အီတလီဝန်ကြီးချုပ် ဘာလူစကိုနီသည် အီရတ်စစ်ပွဲကိစ္စနှင့် ပတ်သက်၍ အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်ဘက်မှ ခိုင်မြဲစွာထောက်ခံခဲ့သူ တစ်ဦးဖြစ်သည်။ အီတလီနိုင်ငံက ၎င်း၏ တပ်ဖွဲ့ဝင် ၃၀၀၀ နီးပါးကို အီရတ်နိုင်ငံသို့ စေလွှတ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ချီတက် ဆန္ဒပြ

ဧပြီ ၂၂ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အမေရိကန်သံရုံးရှေ့တွင် အမေရိကန်ဦးဆောင်သည့် အီရတ်ကျူးကျော်စစ်ပွဲကို ဖိလစ်ပိုင်နိုင်ငံသားများ ကန့်ကွက်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏နိုင်ငံခြားရေးမူဝါဒကို တိုနီဘလဲ ထောက်ခံမှုမပြုသင့်ကြောင်း ဗြိတိသျှသံတမန်များ ဝေဖန် ပြောကြား

လန်ဒန် ဧပြီ ၂၇

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် အောင်မြင်မှုရှိရန် အခွင့်အလမ်းနည်းပါးသည့် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးမူဝါဒအပေါ် ထောက်ခံမှုအဆုံးသတ်ရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း ဗြိတိသျှသံတမန်များက တနင်္လာနေ့တွင် ဘလဲအား အပြင်းအထန် ဝေဖန်ပြောကြားလိုက်သည်။

သံတမန်များ၊ မဟာမင်းကြီးများနှင့် အုပ်ချုပ်ရေးမှူး ၅၂ ဦးတို့က လက်မှတ်ရေးထိုးသည့် မကြုံစဖူး ထူးကဲသော စာတစ်စောင်တွင် အထက်ပါအတိုင်း ဖော်ပြထားခြင်း ဖြစ်သည်။ ယင်းစာတွင် တိုနီဘလဲအနေဖြင့် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်၏မူဝါဒအား ထောက်ခံခြင်းမပြုရန် တိုက်တွန်းထားသည်။

အဆိုပါ သံတမန်များတွင် အီရတ်နှင့် အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ဟောင်းများလည်း ပါဝင်သည်။ ၎င်းသံတမန်များက အမေရိကန်ပြည်ထောင်စုနှင့် နီးနီးစပ်စပ် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး လိုက်နာခဲ့သည့် အာရပ်-အစ္စရေးနှင့် အီရတ်ဆိုင်ရာ မူဝါဒများကို လေးလေးနက်နက် စိုးရိမ်မကင်းဖြစ်ခဲ့ပြီး စောင့်ကြည့်ခဲ့ကြကြောင်း တိုနီဘလဲအား ပြောကြားသည်။

မိမိတို့၏ စိုးရိမ်သောက ဖြစ်မှုများကို ပြည်သူလူထုအား အသိပေးရန် လိုအပ်ပြီး ပါလီမန်တွင် ဆွေးနွေးသင့်ကြောင်း၊ ယင်းကိစ္စကို အခြေခံအားဖြင့် ပြန်လည်သုံးသပ်ရန် အချိန်ကျရောက်ပြီဟု မိမိတို့ ထင်မြင်မိကြောင်း ဖော်ပြပါစာတွင် ရေးထားပြီး တိုနီဘလဲထံသို့ တနင်္လာနေ့က ပို့ပေးလိုက်သည်။

တိုနီဘလဲ၏ ပြောရေးဆိုခွင့်ရှိသူက ယင်းဝေဖန်တိုက်ခိုက်မှုအပေါ် ရုတ်တရက် တုံ့ပြန်ပြောကြားခြင်း မရှိသေးပေ။

ဗြိတိန်နိုင်ငံသားအများစု ဆန့်ကျင်ခဲ့သည့် အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲအား ထောက်ခံခဲ့မှုနှင့် အမေရိကန်အစိုးရက ဦးဆောင်ဦးရွက်ပေးခဲ့ပြီး ဥရောပဒေသအတွင်း အပေါင်းပါနိုင်ငံများနှင့် ဗြိတိန်နိုင်ငံတို့ ထိပ်တိုက်တိုးခဲ့သည့် မူဝါဒအား လက်ခံကျင့်သုံးမှုကြောင့် မဲဆန္ဒရှင်အများစုက တိုနီဘလဲအား မကျေမနပ်ဖြစ်နေစဉ် ဖော်ပြပါဖြစ်ရပ်ပေါ်ပေါက်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ချောင်းမြောင်းပစ်ခတ်ခံရမှုကြောင့် ကန်တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရ

ကဘူး ဧပြီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။ တွန်းလှန်တိုက်ခိုက်မှုများအား ထိန်းချုပ်ထားခဲ့သည့် အဆိုပါဒေသတွင် နောက်ဆုံးပေါ်ပေါက်လာသည့် တိုက်ခိုက်မှုဖြစ်သည်။ ကန်ဒါဟာပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ မော်တော်ယာဉ်တန်းအနီးတွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ယင်း နေရာသည် တာလီဘန် အရပ်ဘက်လက်နက်ကိုင်တပ်ဖွဲ့များ၏ ခံတပ်ဖြစ်ခဲ့ဖူးသည်ဟု အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ချုံခိုတိုက်ခိုက်မှုဖြစ်ကြောင်း၊ သို့ရာတွင် ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍သော်လည်းကောင်း ယင်းတိုက်ခိုက်မှုတွင် တာလီဘန်ပြောက်ကျားများပါဝင်မှု ရှိ၊ မရှိနှင့် ပတ်သက်၍သော်လည်းကောင်း အသေးစိတ်အချက်အလက်များကို ဒုတိယဗိုလ်မှူးကြီးတပ်ကာမန်ဆေဂျာက ပြောကြားခြင်းမရှိပေ။ ***အမ်အင်အေ၊ရိုက်တာ။***

ဘူဂေးရီးယား တပ်ဖွဲ့ဝင် ရှစ်ဦး အီရတ်မှ နေရပ်ပြန်ကြပြီ

ဆိုဖီယာ ဧပြီ ၂၇

ဘူဂေးရီးယားတပ်ဖွဲ့ဝင်ရှစ်ဦးသည် သမ္မတဂျော်ဂျီပါဗာနော့ဗ်၏ လေယာဉ်ဖြင့် အီရတ်နိုင်ငံမှ တနင်္လာနေ့တွင် ပြန်လာကြကြောင်း ဘူဂေးရီးယားသတင်းစာများက ဖော်ပြသည်။ ဘူဂေးရီးယားသမ္မတ ဂျော်ဂျီပါဗာနော့ဗ်သည် အီရတ်နိုင်ငံ ကာဘာလာမြို့ရှိ ဘူဂေးရီးယားတပ်ဖွဲ့ဝင်များထံ တနင်္ဂနွေနေ့က အမှတ်မထင် သွားရောက်လည်ပတ်ခဲ့သည်။ ၁၀ ရက်အတွင်းတွင် အင်အား ၄၈၀ ရှိသည့် ဘူဂေးရီးယားတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ပေါင်း ၂၃ ဦး အီရတ်မှ ထွက်ခွာကြမည်။ ၎င်းတို့အနက် တပ်ဖွဲ့ဝင် ၁၃ ဦးမှာ ၎င်းတို့ကိုယ်တိုင် မေတ္တာရပ်ခံလာသဖြင့် ပြန်ခွင့်ပေးရခြင်းဖြစ်သည်ဟု ဘူဂေးရီးယားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နီလ်လတ်ဖ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ဘူဂေးရီးယား တပ်ဖွဲ့ဝင်တစ်ဦး ကာဘာလာတွင် ပစ်သတ်ခံရပြီးနောက် ရှစ်ရက်အကြာတွင် ဘူဂေးရီးယားသမ္မတ ဂျော်ဂျီပါဗာနော့ဗ်သည် ဘူဂေးရီးယားတပ်များရှိရာသို့ ရုတ်တရက်သွားရောက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ တပ်ဖွဲ့ဝင်နှင့်ဆိုလျှင် အီရတ်၌သေဆုံးသူ ဘူဂေးရီးယားတပ်ဖွဲ့ဝင် ခြောက်ဦးရှိသွားပြီဟု သိရသည်။ ကာဘာလာမြို့ လက်နက်ကိုင်ပဋိပက္ခတွင် သောကြာနေ့က ဘူဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရသွားသည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

စက်ရုံတစ်ခုကို စီးနင်းရှာဖွေစဉ် ပေါက်ကွဲမှုဖြစ်ပွား အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၇

အမေရိကန်တပ်ဖွဲ့ဝင်များသည် တနင်္လာနေ့က ဓာတုဗေဒ လက်နက်ခဲယမ်းမီးကျောက်များ ထုတ်လုပ်ရာနေရာဟု ယူဆရသည့် စက်ရုံတစ်ခုကို စီးနင်းရှာဖွေစဉ်အတွင်း ပြင်းထန်သော ပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားငါးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းစက်ရုံပိုင်ဆိုင်သူသည် ဓာတုဗေဒပစ္စည်းများကို အီရတ်ပြောက်ကျားများထံသို့ ဖြည့်ဆည်းပေးနေသည်ဟု သက်မကင်းဖြစ်မိကြောင်း ဗိုလ်မှူးချုပ်ကင်းမစ်က ပြောကြားသော်လည်း အသေးစိတ် ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ဖော်ပြပါစက်ရုံတွင် ဓာတုဗေဒ လက်နက်ခဲယမ်းမီးကျောက်များ ထုတ်လုပ်နေသည်ဆိုသော သတင်းများရရှိခဲ့ပြီးနောက် အပေါင်းပါတပ်ဖွဲ့ဝင်များက ရှာဖွေခြင်းဖြစ်ကြောင်း ကင်းမစ်က ထပ်လောင်းပြောကြားသည်။

အဆိုပါပြင်းထန်သည့် ပေါက်ကွဲမှုတွင် လူလေးဦး သေဆုံးပြီး အမေရိကန်စစ်ဘက်သုံး ဟမ်းဗီးကားသုံးစီး ဘဂ္ဂဒက်မြို့လယ်ကောင်တွင် မီးလောင်ပေါက်ကွဲခဲ့သည်။

အမေရိကန် တပ်ဖွဲ့ဝင်များက ဓာတုဗေဒရောင်းသည့် စတိုးဆိုင်အများအပြားကို ရှာဖွေစဉ် ဘဂ္ဂဒက်မြို့လယ်ရှိ ဝါဇီရိယာဒေသအနီးတွင် ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူ ဆမားအတီယစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ဝါဇီရိယာဒေသရှိ စတိုးဆိုင်များ၏ တံခါးများကို ဖျက်ဆီး၍ ဝင်ရောက်စီးနင်း ရှာဖွေကြသည်။

ပေါက်ကွဲမှုဖြစ်

သို့ရာတွင် တံခါးတစ်ခုကို ရိုက်ချိုးဖွင့်လှစ်ရာမှ ဓာတုဗေဒပစ္စည်းများသို့ မီးကူးကာ ပေါက်ကွဲမှု ဖြစ်ပွားပြီး အမေရိကန်စစ်ဘက်သုံး ဟမ်းဗီးကား မီးလောင်၊ အိမ်ပျက်စီး၊ လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ ကြောင်း ဆမားက ထပ်လောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ အီရတ်သို့စေလွှတ်မှုကို ဧပြီ ၂၄ ရက်က ဆိုးလ်မြို့ရှိ အမေရိကန်သံရုံးရှေ့တွင် ကန့်ကွက်ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့ အခြေအနေကို နိုင်ငံရေးအရ ဖြေရှင်းရန် ကိုဖီအာနန် တိုက်တွန်း

ကုလသမဂ္ဂ ဧပြီ ၂၇

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များအနေဖြင့် ငြိမ်သက်မှုမရှိသည့်အပြင် စစ်ရေးအရ မတင်မကျဖြစ်နေသော ဖော်လူဂျာမြို့ အခြေအနေအတွက် နိုင်ငံရေးအရ ဖြေရှင်းမှု ပြုလုပ်နိုင်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္လာနေ့တွင် တိုက်တွန်းလိုက်သည်။

ဖော်လူဂျာမြို့၏ အခြေအနေကို ထိန်းသိမ်းကိုင်တွယ်နိုင်မှုနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက လွန်စွာဂရုပြုဆောင်ရွက်မည်ဟု မိမိထင်မြင်မိကြောင်း ကိုဖီအာနန်က ကုလသမဂ္ဂဌာနချုပ်သို့ ရောက်ရောက်ချင်း သတင်းထောက်များအား ပြောကြားသည်။

အန္တရာယ်ကြီး

လူနေထူထပ်သည့် ဒေသများအားမဖြစ်မနေ တိုက်ခိုက်ရမည်ဆိုပါက ယင်းအခြေအနေသည် အန္တရာယ်ကြီးပြီး ခဲရာခဲဆစ်နိုင်လှကြောင်း၊ အဘယ်ကြောင့်ဆိုသော် အရပ်သားများအတွက် တိုက်ခိုက်သူက ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကြောင့်ဖြစ်ကြောင်း အာနန်က ပြောကြားသည်။

အမေရိကန် ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့ဝင်များ အနေဖြင့် နိုင်ငံရေးဆိုင်ရာ ဖြေရှင်းမှု ပြုလုပ်ရာတွင် အောင်မြင်နိုင်မည်ဟု မိမိမျှော်လင့်ကြောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုပြုလုပ်ရာတွင်လည်း အောင်မြင်မှု ရှိခဲ့ပုံကို မိမိသိရှိခဲ့ကြောင်း၊ သို့ရာတွင် ဖော်လူဂျာမြို့အား တိုက်ခိုက်မှု မပြုဘဲနှင့် တင်းမာမှု အဆုံးသတ်ရန် နည်းလမ်းရှာဖွေနိုင်မည်ဟု မိမိထင်မြင်မိကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ထိုးစစ်ဆင်

အမေရိကန်နိုင်ငံသား ကန်ထရိုက်လုပ်ငန်းရှင်လေးဦး ဖော်လူဂျာမြို့တွင် သတ်ဖြတ်ခံရပြီးနောက် ဆွန်နီအများစုနေထိုင်ရာဖော်လူဂျာမြို့ကို အမေရိကန်တပ်ဖွဲ့က ထိုးစစ်ဆင်နွှဲခဲ့သည်။ ယင်းထိုးစစ်ကြောင့် အီရတ်နိုင်ငံသား ၈၀၀ သေဆုံးပြီး ၁၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နာဂျက်ဖ်မြို့တွင် ကျယ်လောင်သည့် ပေါက်ကွဲသံများ ပေါ်ထွက် ရှီးယိုက်လက်နက်ကိုင်တို့နှင့် အမေရိကန်တပ်ဖွဲ့တို့ တိုက်ခိုက်မှုဖြစ်ပွား

နာဂျက်ဖ် ဧပြီ ၂၇

အမေရိကန်ပြည်ထောင်စုက ရှီးယိုက်ခေါင်းဆောင်အား ရာဇသံထုတ်ပြန်ခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ ဆင်ခြေဖုံးတွင် တနင်္လာနေ့ညက ကျယ်လောင်ပြင်းထန်သည့် ပေါက်ကွဲသံများ ကြားခဲ့ကြရကြောင်း မျက်မြင်တွေ့ရှိသူများ ပြောကြားသည်။

ယင်းဒေသတွင် ရှီးယိုက်ပြည်သူ့စစ်လက်နက်ကိုင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ယင်းသို့ ပေါက်ကွဲမှုများ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါးသည် နာဂျက်မြို့တွင်း၌ ပုန်းအောင်းနေကြောင်း ဒေသခံများက ပြောကြားသည်။

အယ်လ်ဆာဒါး အနေဖြင့် ၎င်း၏ မီဒီအရပ်ဘက် လက်နက်ကိုင်များနှင့် လက်နက်များကို ဗလီများနှင့် ကျောင်းများမှ အမြန်ဆုံး ရုပ်သိမ်းပေးရန် ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ရာဇသံ ထုတ်ပြန်ထားသည်။

— သည်းခံနိုင်စွမ်းမရှိ —

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များက ယင်း နာဂျက်ဖ်မြို့ အခြေအနေနှင့် ပတ်သက်၍ သည်းခံနိုင်စွမ်း မရှိတော့ကြောင်း၊ မြင့်မြတ်သည့် အဆိုပါ နေရာများအား ဝတ်ပြုဆုတောင်းမှုဖြစ်လုပ်ရန် နေရာအဖြစ်ပုံမှန် ငြိမ်သက်မှုရရှိစေရန် အမြန်ဆုံး စတင်လုပ်ဆောင်ရမည် ဖြစ်ကြောင်း ဘရီမာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၂၄ ရက်က ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါးအား ထောက်ခံသူများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ရောက်ရှိနေသော ဘူလ်ဂေးရီးယားသမ္မတ၏ယာဉ်တန်း အတိုက်ခံရ

ဆိုဖီယာ ဧပြီ ၂၇

ဘူလ်ဂေးရီးယားသမ္မတ ဂျော်ဂျီပရာဗာနော့ဗ်သည် အီရတ်တွင် တပ်စွဲထားသော ဘော်လကန်ဒေသမှ တပ်ဖွဲ့များထံသို့ မမျှော်လင့်ဘဲ သွားရောက်ခဲ့သည်။ သမ္မတလိုက်ပါလာသော ယာဉ်တန်းကို သေနတ်သမားများက တနင်္ဂနွေနေ့ နှောင်းပိုင်းတွင် တိုက်ခိုက်ခဲ့ကြသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

သမ္မတလိုက်ပါလာသော ယာဉ်တန်းသည် ကာဘာလာမြို့ရှိ ဘူလ်ဂေးရီးယားတပ်ဖွဲ့များ၏ စခန်းနှင့် ပိုလန်တပ်ဖွဲ့ဝင်များ၏ စခန်းများအကြား လမ်းခုလတ်တွင် အတိုက်အခိုက်ခံခဲ့ရခြင်းဖြစ်သည်။ မကြာမီ သီတင်းပတ်များအတွင်းမှစ၍ ကာဘာလာမြို့တွင် ရှီးယိုက်ခုခံရေးသမားများသည် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ရှုမီအာနာစရူဂါဗာက ပြောကြားသည်။ ဘူလ်ဂေးရီးယားသမ္မတသည် ဘေးမသီရန်မခဘဲ တနင်္လာနေ့ နံနက်ပိုင်းက ဘူလ်ဂေးရီးယားသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်တွင် အမေရိကန် စစ်ယာဉ်တန်း ဗုံးထိမှန်

ဘဂ္ဂဒက် ဧပြီ ၂၇

ပြီးခဲ့သော တနင်္လာနေ့က ဘဂ္ဂဒက်မြို့အလယ်ပိုင်းတွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာ အမေရိကန်ယာဉ်တစ်စီး ပျက်စီးမီးလောင်သွားကာ ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အမေရိကန်စစ်ယာဉ်တန်းသည် ဘဗ်အလ်မူအာဇမ် ရပ်ကွက်အနီး လမ်းတစ်လမ်းတွင် မောင်းသွားစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ ပေါက်ကွဲသံကြီးကို ဘဂ္ဂဒက်မြို့ရှိ နေရာအတော်များများမှ ကြားကြရပြီး မီးခိုးလုံးကြီးများ တက်လာသည်ကို တွေ့ကြရကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၂၅ ရက်က ပေါက်ကွဲမှုကြောင့် မီးလောင်ဒဏ်ရာများ ရရှိထားသော မိန်းကလေးငယ်တစ်ဦးကို အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဆေးရုံတစ်ရုံတွင် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံး အယ်လ်ဆာဒါးမြို့တွင် ဒုံးကျည်ထိမှန်ခံရ၍ ပျက်စီးသွားသည့် နေအိမ်တစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၄ ရက်က အီရတ်နိုင်ငံ ဟာစဝါမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးနေသော ဘတ်စ်ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၆ ရက်က ဘဂ္ဂဒက်မြို့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူ အီရတ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၅ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးတွင် တိုက်ပွဲဖြစ်ပွားရာ ဒဏ်ရာ ရရှိသော ကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ နေအိမ်များသို့ပြန်ရန် အမေရိကန်စစ်ဘက်ဆိုင်ရာ စစ်ဆေးရေးစခန်းတွင် စောင့်ဆိုင်းနေသည့် အီရတ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၆ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များ၏ မဆင်မခြင်ပစ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် နေအိမ်ရှေ့တွင် ဝမ်းနည်းကြေကွဲနေသည့် အီရတ် အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

စိုက်ပျိုးမြေဧက ၅၀၀၀၀ကို အကျိုးပြုလျက်ရှိသည့် ပဲခူးတိုင်းအနောက်ပိုင်း သာယာဝတီမြို့နယ် သုံးဆယ်ချောင်းပေါ်တွင် ၂၆-၁-၂၀၀၂ရက်က တည်ဆောက်ဖွင့်လှစ်ခဲ့သည့် သုံးဆယ်ရေလှောင်တမံ၏ ရေထိန်းမျှော်စင်ရှုခင်း။

ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

Myanmar ICT Park

မြန်မာနိုင်ငံ၏ ခေတ်မီသတင်းဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုကို ဖော်ညွှန်းပြသနေသည့် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ **Myanmar ICT Park** အဆောက်အအုံသစ်ကြီး။ (ဓာတ်ပုံ-ကြေးမုံ)

မန္တလေး ဘူတာရုံသစ်ကြီး

မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် မန္တလေး၏ဂုဏ်ဒြပ်နှင့်အညီ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ရေးကို အထောက်အကူပြုနေသည့် မန္တလေးဘူတာရုံသစ်ကြီးကိုတွေ့ရစဉ်။ (ဓာတ်ပုံ-ကြေးမုံ)

တာဝရေထိန်းတံခါး

ပဲခူးတိုင်း သနပ်ပင်မြို့နယ် ပဲခူးစစ်တောင်းတူးမြောင်းနှင့် ပဲခူးမြစ်ဆုံရာ၌ တည် ဆောက် ထား သော တာဝရေထိန်းတံခါးကြီးသည် စိုက်ပျိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုလျက်ရှိသည်။

ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေပြဋ္ဌာ

❀ ရှေ့ဖုံးမှ

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ပြစ်မှု**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်တစ်နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် အကူအညီတောင်းခံသည့် ပြည်ပနိုင်ငံတစ်ခုခု၏ ဥပဒေအရ ထောင်ဒဏ်တစ်နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုများလည်းပါဝင်သည်။

(ခ) **အကူအညီ**ဆိုသည်မှာ ဤဥပဒေအလို့ငှာ ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ခြင်းတို့တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(ဂ) **စုံစမ်းထောက်လှမ်းခြင်း** ဆိုရာတွင် ရဲအရာရှိက ဖြစ်စေ၊ ဗဟိုအာဏာပိုင်အဖွဲ့ သို့မဟုတ် တရားသူကြီး၏ အခွင့်အာဏာအပ်နှင်းခြင်းခံရသူကဖြစ်စေ ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့်သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းတို့ ပါဝင်သည်။

(ဃ) **တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း** ဆိုရာတွင် တရားသူကြီးက ပြစ်မှုနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆောင်ရွက်ချက်အားလုံးပါဝင်သည်။

(င) **ပစ္စည်း** ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို ရှိနေသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့်စပ်လျဉ်းသည့် အကျိုးအမြတ်၊အခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့်များလည်း ပါဝင်သည်။

(စ) **စာတမ်းအမှတ်အသား** ဆိုသည်မှာ သတင်းအချက်အလက်၊ မှတ်တမ်းအပါအဝင် မည်သည့်အရာပေါ်တွင်မဆို ရေးသားထားချက်အမှတ်အသား၊ ဂဏန်း၊ အက္ခရာ၊ သင်္ကေတကိုသော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် အဓိပ္ပာယ် ဖော်ဆိုနိုင်သည့် အမှတ်အသား၊ သင်္ကေတကိုသော်လည်းကောင်း၊ အသံ၊ ရုပ်ပုံ သို့မဟုတ် စာဖြင့် အလိုအလျောက် အဓိပ္ပာယ်ဖော်ထုတ်ပေးနိုင်သောအရာကို သော်လည်းကောင်း၊ မြေပုံ၊ ပုံစံ၊ရုပ်ပုံကားချပ်နှင့်အလားတူ အရာဝတ္ထုကိုသော်လည်းကောင်း ဆိုသည်။

(ဆ) **မှတ်တမ်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးက ကိုယ်တိုင်ဖြစ်စေ၊ ကွန်ပျူတာစနစ်ဖြင့်ဖြစ်စေ၊ အခြား ပစ္စည်းကိရိယာတစ်ခုခုကို အသုံးပြု၍ ဖြစ်စေ ဖတ်ရှုနိုင်သည့် သို့မဟုတ် သိရှိနားလည်နိုင်သည့် မည်သည့်အရာဝတ္ထုပေါ်တွင်မဆို မှတ်တမ်းတင်ထားသည့် သို့မဟုတ် မှတ်သားထားသည့်အချက်ကို ဆိုသည်။

(ဇ) **တားမြစ်မိန့်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးထံတွင်ရှိသော ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကိုတားမြစ်ရန် ရည်ရွယ်၍ ထုတ်ဆင့်သည့် အမိန့်ကိုဆိုသည်။

(ဈ) **ဗဟိုအာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့ကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံကလက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ဒေသဆိုင်ရာ သဘောတူစာချုပ်များနှင့် နိုင်ငံအချင်းချင်း ချုပ်ဆိုသည့် သဘောတူစာချုပ်များနှင့်အညီ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အကူအညီပေးနိုင်ရန်၊

(ခ) ပြစ်မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ဆက်ဆံဆောင်ရွက်နိုင်ရန်၊

(ဂ) ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီပေးနိုင်ရေးအတွက် သင့်လျော်သည့် နည်းလမ်းများ ချမှတ်ဆောင်ရွက်နိုင်ရန်၊

(ဃ) အကြမ်းဖက်၍ ကျူးလွန်သည့်ပြစ်မှု၊ ယင်းပြစ်မှုကိုကျူးလွန်ရန် ငွေကြေးထောက်ပံ့သည့်ပြစ်မှု၊ နိုင်ငံဖြတ်ကျော်၍ ကျူးလွန်သည့်ပြစ်မှုနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် ပြုလုပ်သည့် ပြစ်မှုများအပါအဝင် အခြားအရေးကြီးသော ပြစ်မှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရန်။

အခန်း(၃)

ဗဟိုအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အစိုးရအဖွဲ့သည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–

(က)	ဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဒုတိယဝန်ကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ဒုတိယတရားသူကြီးချုပ်	အဖွဲ့ဝင်
(ဆ)	ဒုတိယရှေ့နေချုပ်	အဖွဲ့ဝင်
(ဇ)	ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး	အဖွဲ့ဝင်
(ဈ)	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(ည)	ရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့	အတွင်းရေးမှူး
(ဋ)	ရဲဦးစီးအရာရှိချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့	တွဲဖက်အတွင်းရေးမှူး

၆။ ဗဟိုအာဏာပိုင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အကူအညီ တောင်းခံသည့် ကိစ္စကို စိစစ်ပြီး အကူအညီပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး သဘောတူစာချုပ်များ ချုပ်ဆိုရေးနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အကြံပြုခြင်း၊

(ဂ) ဤဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား ကျွမ်းကျင်မှုနှင့် နည်းပညာများတိုးပွားရေးအတွက် လိုအပ်သော လေ့ကျင့်သင်ကြားပေးရေးအစီအစဉ်များချမှတ်ခြင်း၊

(ဃ) အကူအညီတောင်းခံသည့် ကိစ္စသည် အခြားနိုင်ငံတစ်ခုခုနှင့်လည်း သက်ဆိုင်နေပါက ထိုနိုင်ငံနှင့် လိုအပ်သလို ဆက်သွယ်ဆောင်ရွက်ခြင်း၊

(င) အကူအညီတောင်းခံသည့် ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် လည်းကောင်း၊ ပုဂ္ဂိုလ်များနှင့် လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) အကူအညီတောင်းခံသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းအား အကြောင်းကြားခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ ဆောင်ရွက်ပေးချက်များကို အကူအညီတောင်းခံသည့်နိုင်ငံသို့လွှဲရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဆ) ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ပနိုင်ငံတစ်ခုခုသို့ အကူအညီတောင်းခံခြင်းနှင့် အကူအညီရယူခြင်း။

၇။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပုဒ်မ ၆ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးကို ဦးဆောင်စေ၍ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ လွှဲအပ်တာဝန်ပေးနိုင်သည်။

၈။ ဗဟိုအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ အတွင်းရေးမှူးသည် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအနက် ချက်ချင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဗဟိုအာဏာပိုင်အဖွဲ့၏ကိုယ်စား ဆောင်ရွက်ပိုင်ခွင့်ရှိပြီး ယင်းဆောင်ရွက်ချက်ကို ဗဟိုအာဏာပိုင်အဖွဲ့သို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၉။ အစိုးရအဖွဲ့သည် အကူအညီတောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဗဟိုအာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ချက်တစ်ရပ်ရပ်ကို လိုအပ်ပါက ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

အခန်း(၄)

အကူအညီတောင်းခံခြင်းနှင့်ငြင်းပယ်ခြင်း

၁၀။ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ အကူအညီကို တောင်းခံသော ပြည်ပနိုင်ငံသည်–

(က)မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာသဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူစာချုပ်ချုပ်ဆိုထားသည့် နိုင်ငံဖြစ်ပါက ဗဟိုအာဏာပိုင်အဖွဲ့သို့ တိုက်ရိုက်တောင်းခံရမည်။

(ခ)မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမရှိသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူစာချုပ်ချုပ်ဆိုထားခြင်းမရှိသည့်နိုင်ငံဖြစ်ပါက သံတမန်လမ်းကြောင်းအရ ဗဟိုအာဏာပိုင်အဖွဲ့သို့ တောင်းခံရမည်။

၁၁။ ပြည်ပနိုင်ငံတစ်ခုခုသည် ပြစ်မှုဆိုင်ရာကိစ္စရပ်တွင် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပုဒ်မ–၁၀အရ အကူအညီတောင်းခံရာတွင် အောက်ပါကိစ္စရပ်များကို ထည့်သွင်းတောင်းခံနိုင်သည်–

(က) ပုဂ္ဂိုလ်တစ်ဦးဦး၏ သက်သေခံချက် သို့မဟုတ် ထွက်ဆိုချက်ကို ရယူပေးခြင်း၊

(ခ) တရားစီရင်ရေးဆိုင်ရာ စာတမ်းအမှတ်အသားများ အကျိုးသက်ရောက်စေရန် ဆောင်ရွက်ပေးခြင်း၊

(ဂ) ပစ္စည်းနှင့် နေရာများကိုစစ်ဆေးပေးခြင်း၊

(ဃ) သက်သေခံအဖြစ် အသုံးပြုမည့် ငွေကြေး သို့မဟုတ် ပစ္စည်းတစ်ခုခုကို ပြစ်မှုနှင့်သက်ဆိုင်ကြောင်း ထင်ရှားစေရန် ဆောင်ရွက်ပေးခြင်း၊ ခြေရာခံစုံစမ်းပေးခြင်း၊

(င) သက်သေခံပစ္စည်းရှာဖွေပေးခြင်း၊ သိမ်းဆည်းပေးခြင်း၊ ထိန်းချုပ်ပေးခြင်း၊ တားမြစ်မိန့် ထုတ်ဆင့်ပေးခြင်းနှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပေးခြင်း၊

(စ) သတင်းအချက်အလက်၊ သက်သေခံအဖြစ်အသုံးပြုမည့် စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် ကျွမ်းကျင်သူ ထင်မြင်ချက်များ ရယူဆောင်ရွက်ပေးခြင်း၊

(ဆ) သက်သေခံအဖြစ် အသုံးပြုမည့် စာတမ်းအမှတ်အသားနှင့် မှတ်တမ်းများ၏ မူရင်း သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံသည့် မိတ္တူမှန်ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(ဇ) ပြစ်မှုကျူးလွန်သူ၏ နေရပ်လိပ်စာ၊ သက်သေခံပစ္စည်း၏ တည်နေရာနှင့် အခြားလိုအပ်သောအချက်များ ဖော်ထုတ်ပေးခြင်း၊

(ဈ) ဗဟိုအာဏာပိုင်အဖွဲ့က အကူအညီပေးရန် သဘောတူသည့် အခြားကိစ္စရပ်များ၊

၁၂။ အကူအညီတောင်းခံသည့် နိုင်ငံသည် အကူအညီတောင်းခံရာတွင် အောက်ပါအချက်အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေရေးသားဖော်ပြရမည်–

(က) အကူအညီတောင်းခံသည့် အာဏာပိုင်၏ အမည်နှင့်ရာထူး၊

(ခ) အကူအညီတောင်းခံသည့် ကိစ္စရပ်နှင့် သက်ဆိုင်သည့်အမှု၏ အကျဉ်းချုပ်နှင့် သဘောသဘာဝဖော်ပြချက်၊

(ဂ) သက်ဆိုင်ရာပုဂ္ဂိုလ်နှင့်ပတ်သက်၍ ဖြစ်နိုင်ပါက ယင်း၏ ထင်ရှားစေသည့် အထောက်အထား၊ ရှိနိုင်သည့်နေရပ်လိပ်စာနှင့် နိုင်ငံသား၊

(ဃ) သက်သေခံချက်ရယူသည့်ကိစ္စ၌ ကူညီဆောင်ရွက်ပေးရမည့် လုပ်ထုံး လုပ်နည်းများ၊

(င) ဆောင်ရွက်ပေးစေလိုသည့် အချိန်ကာလနှင့် ကန့်သတ်ချက်၊

(စ) ရှာဖွေဖော်ထုတ်ပေးရမည့် သတင်းအချက်အလက်နှင့် ရယူပေးရမည့် သက်သေခံချက်၊

(ဆ) လျှို့ဝှက် ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါက လျှို့ဝှက်ဆောင်ရွက်ရန်ဖော်ပြချက်၊

(ဇ) တောင်းခံသည့်အကူအညီနှင့် စပ်လျဉ်း၍ မိမိနိုင်ငံတွင် ကျင့်သုံးနေသော သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ကောက်နုတ်ချက်နှင့် အကြောင်းပြချက်များ၊

(ဈ) မိမိနိုင်ငံတွင် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းပြုလုပ်သူ အမည်နှင့် လုပ်ငန်းတာဝန်၊

(ည) အခြားလိုအပ်သော အချက်အလက်များ။

၁၃။ အကူအညီတောင်းခံသည့်နိုင်ငံသည် အရေးပေါ်ကိစ္စတွင် နှုတ်ဖြင့်ဖြစ်စေ၊ တယ်လီဖုန်း၊ ဖက်စ် သို့မဟုတ် အီးမေးလ်ဖြင့်ဖြစ်စေ၊ ကွန်ပျူတာကွန်ရက် ဆက်သွယ်ဆောင်ရွက်မှု အပါအဝင် အခြားအီလက်ထရောနစ် နည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အကူအညီတောင်းခံနိုင်သည်။ ယင်းသို့တောင်းခံပါက အကူအညီတောင်းခံသည့် မူရင်းစာကို ဗဟိုအာဏာပိုင်အဖွဲ့သို့ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ထပ်မံပေးပို့ရမည်။

၁၄။ ဗဟိုအာဏာပိုင်အဖွဲ့သည်–

(က) ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီတောင်းခံချက်ကို ရရှိပါက စိစစ်ပြီး တည်ဆဲဥပဒေများနှင့်အညီဆောင်ရွက်နိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်များနှင့် အထောက်အထားများကို ထပ်မံတောင်းခံနိုင်သည်။

(ခ) အကူအညီတောင်းခံသည့် နိုင်ငံ၏ အာဏာပိုင်က တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အား တွေ့ဆုံ၍ လိုအပ်သည်များကို မေးမြန်းခြင်း၊ အထောက်အထားများ တောင်းခံခြင်း ပြုနိုင်သည်။

၁၅။ ဗဟိုအာဏာပိုင်အဖွဲ့သည် အကူအညီတောင်းခံချက်ကို လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့်ညီညွတ်ကြောင်းစိစစ်တွေ့ရှိပါက ခွင့်ပြုနိုင်သည်–

(က) အကူအညီတောင်းခံသည့်ကိစ္စရပ်နှင့် သက်ဆိုင်သော ပြစ်မှုသည် ပုဒ်မ ၃၊ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သော ပြစ်မှုဖြစ်ခြင်း၊

(ခ) ပုဒ်မ ၁၈ပါ ငြင်းပယ်နိုင်သည့် အချက်တစ်ရပ်ရပ်
မရှိခြင်း၊

(ဂ) အကူအညီတောင်းခံချက်သည် ဗဟိုအာဏာ
သတ်မှတ်ထားသော ပုံစံများ၊ စည်းကမ်းများ၊ နည်း
ကိုက်ညီခြင်း၊

(ဃ) မြန်မာနိုင်ငံက ဆောင်ရွက်ပေးရသည့်အတွက် ကုန်
များကို နှစ်နိုင်ငံညှိနှိုင်း သဘောတူညီပြီးဖြစ်ခြ

၁၆။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြစ်မှုဆိုင်ရာ ကိစ္စရပ်မျာ
အချင်းချင်း အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ အပြည်
ကွန်ဗင်းရှင်းဝင်နိုင်ငံ သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာ
မဟုတ်သည့်အပြင် နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုထာ
မရှိသော နိုင်ငံ၏ အကူအညီတောင်းခံချက်ကို ခွင့်ပြုလိုပါက
ကိစ္စရပ်များ၌ မြန်မာနိုင်ငံအား ပြန်လည်အကူအညီပေး
အကူအညီတောင်းခံသည့် နိုင်ငံနှင့် သဘောတူညီချ
ခွင့်ပြုရမည်။

၁၇။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏
တောင်းခံချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် စုံစမ်းထော
အမှု၊ တရားစွဲဆိုဆဲအမှု သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆေ
အမှုအတွက် အနှောင့်အယှက်ဖြစ်စေမည်ဟု ယူဆပါက
တောင်းခံသည့်နိုင်ငံနှင့် ညှိနှိုင်းပြီး အကူအညီ တောင်းခံ
လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ရွှေ့ဆိုင်းနို

၁၈။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏
တောင်းခံချက်နှင့် စပ်လျဉ်း၍ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့
၏ လျှို့ဝှက်ချက်ဖြစ်သည် ဟူသော အကြောင်းပြချက်ဖြင့် ငြ
မပြုရ။ သို့ရာတွင် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွ
စိစစ်တွေ့ရှိပါက အကူအညီတောင်းခံချက်တစ်ခုလုံးကို ဖြစ်
တစ်ဒေသကိုဖြစ်စေ ငြင်းပယ်နိုင်သည်–

(က) ဤဥပဒေအရ သတ်မှတ်ချက်များနှင့် ညီညွတ်မှ

(ခ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊
စိုးမိုးရေး သို့မဟုတ် အများပြည်သူ၏ အက
ထိပါးခြင်း၊

(ဂ) ပုဂ္ဂိုလ်တစ်ဦးဦး၏ လူမျိုး၊ လိင်၊ ဘာသာရေးဆိုင်
ချက်၊ နိုင်ငံသား၊ မျိုးနွယ်စု၊ နိုင်ငံရေးခံယူချက်
ပုဂ္ဂိုလ်ရေး ရပ်တည်ချက်ကို ထိပါးစေနိုင်သည်ဟု
အကြောင်းရှိခြင်း၊

(ဃ) အကူအညီ တောင်းခံသည့် အလားတူ ပြစ်မှုမျိ
နိုင်ငံ၏ တည်ဆဲဥပဒေအရ စုံစမ်းထောက်လှမ်းခြင်း
ခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့
တားမြစ်ထားခြင်း၊

(င) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေအရ အရေး
စစ်ဘက်ဆိုင်ရာ ပြစ်မှုဖြစ်ခြင်း၊

(စ) အကူအညီတောင်းခံသည့် ကိစ္စရပ်သည် မြန်မာနိုင်
နှင့် ဆန့်ကျင်ခြင်း၊

(ဆ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်သော အပြည်
ကွန်ဗင်းရှင်းတွင် ခြွင်းချက်ပြုထားသည့် ကိ
ဆက်နွှယ်နေသည့် အကူအညီတောင်းခံချက်ဖြစ်

၁၉။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏
တောင်းခံချက်အား ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြော
အကူအညီတောင်းခံသည့်နိုင်ငံသို့ပြန်ကြားရမည်။

၂၀။ (က) ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏
တောင်းခံချက်ကို ခွင့်ပြုရန်ဆုံးဖြတ်ပါက သ
များနှင့် အညီ စတင်ဆောင်ရွက်ရန် သက်ဆိုင်ရာ
အဖွဲ့အစည်းသို့ တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ တာဝန်ပေးအပ်ခြင်းခံရသည့်
အဖွဲ့အစည်းသည် မိမိ၏ဆောင်ရွက်ပြီးစီးမှု အ
လည်းကောင်း၊ ဆောင်ရွက်နိုင်ခြင်း မရှိသည့် ကိ
အခြေအနေကိုလည်းကောင်း အကူအညီတေ
နိုင်ငံသို့ပြန်ကြားနိုင်ရေးအတွက် အကျိုးအကြေ
စွာဖြင့် ဗဟိုအာဏာပိုင်အဖွဲ့သို့ ဆောလျင်စွာတ

၂၁။ ဗဟိုအာဏာပိုင်အဖွဲ့သည် သက်ဆိုင်ရာအစိုးရဌာ
အစည်း၏ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိ

(က) တောင်းခံသည့်အကူအညီနှင့်စပ်လျဉ်း၍ ဆော
ခြင်းမရှိပါက အကူအညီတောင်းခံသည့်နိုင်ငံ
အကြောင်း ဖော်ပြပြန်ကြားရမည်။

(ခ) တောင်းခံသည့်အကူအညီကို ဆောင်ရွက်ပေးနိုင်ပ
သဘောတူညီချက်နှင့်အညီ သက်ဆိုင်ရာ သ
အလက်၊ သက်သေခံချက်၊ စာတမ်းအမှတ်အသာ
နှင့် အထောက်အထားများကို အကူအညီတေ
နိုင်ငံသို့ သတ်မှတ်ထားသည့်ကာလအတွင်း
ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ရမည်။

၂၂။ ဗဟိုအာဏာပိုင်အဖွဲ့သည်–

(က) မြန်မာနိုင်ငံကအကူအညီပေးသည့် ကိစ္စရပ်များ
၍ဖြစ်စေ၊ အကူအညီတောင်းခံသည့် ကိစ္စရပ်
၍ဖြစ်စေ မိမိနိုင်ငံကပေးပို့သည့် သတင်းအချက်
သက်သေခံချက်များအနက် လျှို့ဝှက်ထားရမည့်

...ရေးဥပဒေပြဋ္ဌာန်း

...) ပုဒ်မ ၁၈ပါ ငြင်းပယ်နိုင်သည့် အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းမှု မရှိခြင်း၊
...) အကူအညီတောင်းခံချက်သည် ဗဟိုအာဏာပိုင်အဖွဲ့က သတ်မှတ်ထားသော ပုံစံများ၊ စည်းကမ်းများ၊ နည်းလမ်းများနှင့် ကိုက်ညီခြင်း၊
...) မြန်မာနိုင်ငံက ဆောင်ရွက်ပေးရသည့်အတွက် ကုန်ကျမည့်စရိတ်များကို နှစ်နိုင်ငံညှိနှိုင်း သဘောတူညီပြီးဖြစ်ခြင်း။

...ဗဟိုအာဏာပိုင်အဖွဲ့သည် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံ ...းချင်း အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ...င်းရှင်းဝင်နိုင်ငံ သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံ ...်သည့်အပြင် နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုထားခြင်းလည်း ...ာ နိုင်ငံ၏ အကူအညီတောင်းခံချက်ကို ခွင့်ပြုလိုပါက အလားတူ ...်များ၌ မြန်မာနိုင်ငံအား ပြန်လည်အကူအညီပေးရန် အဆိုပါ ...အညီတောင်းခံသည့် နိုင်ငံနှင့် သဘောတူညီချက်ရယူပြီးမှ ...ရမည်။

...ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီ ...င်းခံချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် စုံစမ်းထောက်လှမ်းဆဲ ...တရားစွဲဆိုဆဲအမှု သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ဆဲ ...တွက် အနှောင့်အယှက်ဖြစ်စေမည်ဟု ယူဆပါက အကူအညီ ...င်းခံသည့်နိုင်ငံနှင့် ညှိနှိုင်းပြီး အကူအညီ တောင်းခံချက် တစ်ခု ...ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ရွှေ့ဆိုင်းနိုင်သည်။

...ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီ ...င်းခံချက်နှင့် စပ်လျဉ်း၍ ဘဏ္ဍာနှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ...ို့ဝှက်ချက်ဖြစ်သည် ဟူသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း ... သို့ရာတွင် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း ...တွေ့ရှိပါက အကူအညီတောင်းခံချက်တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ် ...ဒေသကိုဖြစ်စေ ငြင်းပယ်နိုင်သည်–
...) ဤဥပဒေအရ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိခြင်း၊
...) နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး သို့မဟုတ် အများပြည်သူ၏ အကျိုးစီးပွားကို ထိပါးခြင်း၊
...) ပုဂ္ဂိုလ်တစ်ဦးဦး၏ လူမျိုး၊ လိင်၊ ဘာသာရေးဆိုင်ရာ ယုံကြည်ချက်၊ နိုင်ငံသား၊ မျိုးနွယ်စု၊ နိုင်ငံရေးခံယူချက် သို့မဟုတ် ပုဂ္ဂိုလ်ရေး ရပ်တည်ချက်ကို ထိပါးစေနိုင်သည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊
...) အကူအညီ တောင်းခံသည့် အလားတူ ပြစ်မှုမျိုးကို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့ မပြုလုပ်ရန် တားမြစ်ထားခြင်း၊
...) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေအရ အရေးယူနိုင်သော စစ်ဘက်ဆိုင်ရာ ပြစ်မှုဖြစ်ခြင်း၊
...) အကူအညီတောင်းခံသည့် ကိစ္စရပ်သည် မြန်မာနိုင်ငံ၏ ဥပဒေနှင့် ဆန့်ကျင်ခြင်း၊
...) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွင် ခြွင်းချက်ပြုထားသည့် ကိစ္စရပ်များနှင့် ဆက်နွယ်နေသည့် အကူအညီတောင်းခံချက်ဖြစ်ခြင်း။

...ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီ ...င်းခံချက်အား ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းပြချက်ကို ...အညီတောင်းခံသည့်နိုင်ငံသို့ ပြန်ကြားရမည်။
...က) ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီ တောင်းခံချက်ကို ခွင့်ပြုရန်ဆုံးဖြတ်ပါက သတ်မှတ်ချက်များနှင့် အညီ စတင်ဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ တာဝန်ပေးအပ်ရမည်။
...ခ) ပုဒ်မခွဲ(က)အရ တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရဌာန၊ အဖွဲ့အစည်းသည် မိမိ၏ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ ဆောင်ရွက်နိုင်ခြင်း မရှိသည့် ကိစ္စရပ်များ၏ အခြေအနေကိုလည်းကောင်း အကူအညီတောင်းခံသည့် နိုင်ငံသို့ပြန်ကြားနိုင်ရေးအတွက် အကျိုးအကြောင်း ပြည့်စုံစွာဖြင့် ဗဟိုအာဏာပိုင်အဖွဲ့သို့ ဆောလျင်စွာတင်ပြရမည်။

...ဗဟိုအာဏာပိုင်အဖွဲ့သည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့ ...း၏ ပုဒ်မ၂၀၊ ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ–
...က) တောင်းခံသည့်အကူအညီနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက အကူအညီတောင်းခံသည့်နိုင်ငံသို့ အကျိုးအကြောင်း ဖော်ပြပြန်ကြားရမည်။
...ခ) တောင်းခံသည့်အကူအညီကို ဆောင်ရွက်ပေးနိုင်ပါက နှစ်နိုင်ငံ သဘောတူညီချက်နှင့်အညီ သက်ဆိုင်ရာ သတင်းအချက်အလက်၊ သက်သေခံချက်၊ စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် အထောက်အထားများကို အကူအညီတောင်းခံသည့် နိုင်ငံသို့ သတ်မှတ်ထားသည့်ကာလအတွင်း လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ရမည်။

...ဗဟိုအာဏာပိုင်အဖွဲ့သည်–
...) မြန်မာနိုင်ငံကအကူအညီပေးသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အကူအညီတောင်းခံသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ မိမိနိုင်ငံကပေးပို့သည့် သတင်းအချက်အလက်နှင့် သက်သေခံချက်များအနက် လျှို့ဝှက်ထားရမည့် ကိစ္စရပ်များပါရှိပါက လျှို့ဝှက်ထားရှိရန် အကူအညီတောင်းခံသည့်နိုင်ငံသို့ အသိပေးရမည်။
(ခ) စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် ပစ္စည်းများကို အကူအညီတောင်းခံသည့်နိုင်ငံသို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်ရန် ရည်ရွယ်ခြင်းမရှိပါက အကူအညီတောင်းခံသည့်ကိစ္စကို ဆောင်ရွက်ပြီးစီးလျှင် နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ မြန်မာနိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေးပို့ရန်ဖော်ပြရမည်။

၂၃။ ဗဟိုအာဏာပိုင်အဖွဲ့သည် ဤဥပဒေအရ အကူအညီတောင်းခံခြင်း သို့မဟုတ် အကူအညီပေးခြင်းဆိုင်ရာကိစ္စရပ်တွင်နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများနှင့် ပူးပေါင်းစုံစမ်းထောက်လှမ်းခြင်းပြုရန် လိုအပ်ပါက ကိစ္စရပ်တစ်ခုချင်းအလိုက် သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏ အခွင့်ရအာဏာပိုင်နှင့် ကြိုတင်ညှိနှိုင်းသဘောတူညီချက် ရယူဆောင်ရွက်ရမည်။

၂၄။ ဗဟိုအာဏာပိုင်အဖွဲ့နှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံသို့ အကူအညီပေးသည့်နိုင်ငံက လွှဲပြောင်းပေးပို့သည့် သတင်းအချက်အလက်၊ သက်သေခံချက်၊ စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် အထောက်အထားများကို အကူအညီတောင်းခံချက်၌ ဖော်ပြထားခြင်းမရှိသော ကိစ္စများတွင်နှစ်နိုင်ငံသဘောတူညီချက်မရှိဘဲ အသုံးပြုခြင်း၊ လွှဲပြောင်းပေးခြင်း သို့မဟုတ် ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

အခန်း(၅)

သက်သေခံပစ္စည်းရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့် ထုတ်ဆင့်ခြင်းနှင့် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း

၂၅။ ဗဟိုအာဏာပိုင်အဖွဲ့သည် သက်သေခံပစ္စည်း ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း ပြုလုပ်ရေးအတွက် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီတောင်းခံချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုပါက တည်ဆဲဥပဒေများနှင့်အညီ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၂၆။ (က) ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခု၏ အကူအညီ တောင်းခံချက်အရ သက်သေခံအဖြစ် သိမ်းဆည်းထားသော ပစ္စည်း၊ ထိန်းချုပ်ထားသောပစ္စည်းနှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသောပစ္စည်းများ စီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ သဘောတူညီချက်နှင့်အညီ ဆောင်ရွက်ရမည်။
(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ပစ္စည်းနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံသဘောတူညီချက်မရှိလျှင် နိုင်ငံတော်ပိုင် ဖြစ်စေရမည်။

၂၇။ သက်သေခံအဖြစ် သိမ်းဆည်းထားသော ပစ္စည်း၊ ထိန်းချုပ်ထားသော ပစ္စည်းနှင့် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော ပစ္စည်းကို ပြစ်မှုနှင့် သက်ဆိုင်ခြင်းမရှိသူက သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှား တင်ပြနိုင်လျှင် ထိုပုဂ္ဂိုလ်၏ အခွင့်အရေးကို ထိခိုက်ခြင်းမရှိစေရ။

အခန်း(၆)

မြန်မာနိုင်ငံရှိပုဂ္ဂိုလ်တစ်ဦးဦးအား သက်သေခံချက်၊ ထွက်ဆိုချက်ပေးရန် စေလွှတ်ခြင်း

၂၈။ ဗဟိုအာဏာပိုင်အဖွဲ့သည်–
(က) မြန်မာနိုင်ငံရှိပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ပနိုင်ငံတွင် သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးနိုင်ရေးအတွက် စေလွှတ်ပေးရန် အကူအညီ တောင်းခံသည့်ကိစ္စတွင် ယင်းပုဂ္ဂိုလ်က သက်သေခံရန် သဘောတူသည့်အပြင် ဗဟိုအာဏာပိုင်အဖွဲ့ကလည်း ခွင့်ပြုရန်ဆုံးဖြတ်ပါက အဆိုပါစေလွှတ်ခြင်းခံရမည့် ပုဂ္ဂိုလ်အား ခရီးသွားလာရေးနှင့် ပြည်ပသို့ထွက်ခွာခွင့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။
(ခ) စေလွှတ်ခြင်းခံရသော ပုဂ္ဂိုလ်မှာ အချုပ်ဖြင့်ရှိသူဖြစ်ပါက နှစ်နိုင်ငံသဘောတူညီချက်အရ ထိုသူအား အချုပ်ဖြင့်လုံခြုံစွာ လွှဲပြောင်းပေးပို့နိုင်ရေးနှင့် ပြန်လည်ပို့ဆောင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့အကြောင်းကြားရမည်။

၂၉။ (က) ဗဟိုအာဏာပိုင်အဖွဲ့သည် အချုပ်ဖြင့်ရှိသူအား ပြည်ပနိုင်ငံသို့ စေလွှတ်ရာတွင် ထိုသူအားအချုပ်မှလွှတ်ရန် မြန်မာနိုင်ငံက အကြောင်းကြားစာ ပေးပို့ခြင်းမရှိပါက အကူအညီတောင်းခံသည့် ကိစ္စပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပြီးသည်အထိ အချုပ်ဖြင့်ထားရှိရန် ဖော်ပြရမည်။
(ခ) အချုပ်ဖြင့်စေလွှတ်သူအား အချုပ်ဖြင့်ပို့ဆောင်သောကာလ အပါအဝင် အကူအညီတောင်းခံသည့် နိုင်ငံတွင် ချုပ်နှောင်ထားသောကာလကို မြန်မာနိုင်ငံတွင် အချုပ်နှင့်ရှိသည့် ကာလဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။

၃၀။ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရမည့် ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရန် တားမြစ်ထားလျှင် ထိုကိစ္စအတွက် ငြင်းဆိုနိုင်သည်။

၃၁။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခုတွင် သက်သေခံချက်၊ ထွက်ဆိုချက်၊ သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရမည့် ပုဂ္ဂိုလ်အနေဖြင့် အကူအညီတောင်းခံသည့် နိုင်ငံတွင် ယခင်ကကျူးလွန်ခဲ့သည့် ပြစ်မှုတစ်ခုခုရှိပါက ထိုနိုင်ငံသို့ရောက်ရှိ သတင်းပို့ပြီး ၁၅ရက်အတွင်း၊ သို့မဟုတ် ၁၅ရက်ထက်ကျော်လွန်ပါက နှစ်နိုင်ငံ သဘောတူညီထားသည့်ကာလအတွင်း ယခင်ပြစ်မှုနှင့် စပ်လျဉ်း၍ ထိုနိုင်ငံတွင် တရားစွဲဆိုခြင်း၊ ချုပ်နှောင်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းသို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့် ကန့်သတ်ခြင်းမပြုရေးအတွက် အဆိုပါနိုင်ငံနှင့် ကြိုတင်သဘောတူညီချက်ရရှိရန် တောင်းဆိုပေးရမည်။

၃၂။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခုက အချုပ်ဖြင့်ရှိသူတစ်ဦးဦးကို အခြားပြည်ပနိုင်ငံတစ်ခုခုသို့ မြန်မာနိုင်ငံမှ တစ်ဆင့်ဖြစ်စေ၊ မြန်မာနိုင်ငံကို ဖြတ်သန်း၍ဖြစ်စေ ပို့ဆောင်ရန် အကူအညီတောင်းခံချက်ကို ခွင့်ပြုပါက ထိုအချုပ်ဖြင့် ရှိသူအား အခြားပြည်ပနိုင်ငံသို့ ပို့ဆောင်ရာတွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ လုံခြုံရေးအတွက် ကူညီဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

အခန်း(၇)

မြန်မာနိုင်ငံက အကူအညီတောင်းခံခြင်း

၃၃။ ပြည်ပနိုင်ငံတစ်ခုခုသို့ ပုဒ်မ –၁၁ ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကူအညီ တောင်းခံလိုသော အစိုးရဌာန၊ အဖွဲ့အစည်းသည် မိမိတောင်းခံလိုသည့် အကူအညီအတွက် ခွင့်ပြုချက်ရရှိရန် ပုဒ်မ–၁၂ပါ အချက်များကို ပြည့်စုံစွာဖော်ပြ၍ ဗဟိုအာဏာပိုင်အဖွဲ့သို့ တင်ပြရမည်။

၃၄။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခုသို့ အကူအညီ တောင်းခံပေးရန် ပုဒ်မ၃၃အရ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်း၏ တင်ပြချက်ကို ခွင့်ပြုပါက–
(က) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံ သဘောတူစာချုပ်ချုပ်ဆိုထားသည့် နိုင်ငံဖြစ်လျှင် ထိုနိုင်ငံ၏ ဗဟိုအာဏာပိုင်အဖွဲ့သို့ တိုက်ရိုက် တောင်းခံရမည်။
(ခ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း မရှိသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာသဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ်နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားခြင်းမရှိသည့် နိုင်ငံဖြစ်လျှင် သံတမန်လမ်းကြောင်းအရ ထိုနိုင်ငံ၏ ဗဟိုအာဏာပိုင်အဖွဲ့သို့ တောင်းခံရမည်။

၃၅။ သက်ဆိုင်ရာ အစိုးရဌာန၊အဖွဲ့အစည်းသည် ဤဥပဒေနှင့်အညီ မြန်မာနိုင်ငံတွင် သက်သေခံချက်၊ ထွက်ဆိုချက်၊ ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရန် သို့မဟုတ် လူပုဂ္ဂိုလ်အနေဖြင့် ရှိနေစေရန် ပြည်ပနိုင်ငံတစ်ခုခုက စေလွှတ်သည့်ပုဂ္ဂိုလ်အား မြန်မာနိုင်ငံတွင် ယခင်က ထိုသူကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ထိုသူရောက်ရှိသတင်းပို့ပြီး ၁၅ရက်အတွင်း သို့မဟုတ် ၁၅ရက်ထက်ကျော်လွန်ပါက နှစ် နိုင်ငံသဘောတူညီထားသည့်ကာလအတွင်း တရားစွဲဆိုခြင်း၊ ချုပ်နှောင်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့် ကန့်သတ်ခြင်းကို မပြုရ။

၃၆။ ဗဟိုအာဏာပိုင်အဖွဲ့၏ ညွှန်ကြားချက်အရ ဆောင်ရွက်သည့် အစိုးရဌာန၊ အဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် သက်သေခံချက် သို့မဟုတ် ထွက်ဆိုချက်ပေးရန် လွှဲပြောင်းပေးခြင်းခံရသည့် အချုပ်ဖြင့်ရှိသူအားအချုပ်မှလွှတ်ရန်သက်ဆိုင်ရာ ပြည်ပနိုင်ငံကအကြောင်းကြားစာ ပေးပို့ခြင်းမရှိပါက နှစ်နိုင်ငံသဘောတူညီထားသည့်ကာလအတွင်း ချုပ်နှောင်ထားရန် အခွင့်အာဏာရှိရမည့် အပြင် အဆိုပါကိစ္စပြီးဆုံးလျှင် အကူအညီတောင်းခံသည့် နိုင်ငံသို့ ထိုသူအား နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ သတ်မှတ်ချက်များနှင့်အညီ ပြန်ပို့နိုင်ရေးအတွက် ဗဟိုအာဏာပိုင်အဖွဲ့သို့ တင်ပြ၍ ဗဟိုအာဏာပိုင်အဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၈)

ကုန်ကျစရိတ်ကျခံခြင်း

၃၇။ အကူအညီ တောင်းခံသည့် ကိစ္စကို ဆောင်ရွက်ရာတွင် နှစ်နိုင်ငံသီးခြား သဘောတူညီချက်မရှိပါက သာမန်ကုန်ကျစရိတ်ကို အကူအညီတောင်းခံခြင်းခံရသည့် နိုင်ငံက ကျခံရမည်။ သာမန်ထက်ပိုမိုသော သို့မဟုတ် ထူးခြားသည့် သဘာဝရှိသော ကုန်ကျစရိတ် ဖြစ်လျှင် ကြိုတင် သဘောတူညီထားသည့် စည်းကမ်းချက်နှင့်အညီ သက်ဆိုင်ရာနိုင်ငံက ကျခံရမည်။

၃၈။ အကူအညီ တောင်းခံခြင်းသို့မဟုတ် အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ ကုန်ကျစရိတ်ကို မြန်မာနိုင်ငံကကျခံရန် အကြောင်းပေါ်ပေါက်လျှင် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက ကျခံရမည်။

အခန်း(၉)

အထွေထွေ

၃၉။ (က) ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခုက တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းအတွက် အကူအညီ တောင်းခံသည့်ကိစ္စဖြစ်လျှင် တရားရုံးချုပ်သို့ အကြောင်းကြားရမည်။
(ခ) တရားရုံးချုပ်သည် ပုဒ်မခွဲ(က) အရ အကြောင်းကြားသည့် ကိစ္စကို ကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးက ဆောင်ရွက်ရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၄၀။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီ တောင်းခံချက်အရ ဆောင်ရွက်ပေးသော သက်သေခံချက်၊ စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် အထောက်အထားများနှင့်စပ်လျဉ်း၍–
(က) ဘာသာပြန်ဆိုပြီးတင်ပြရန် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ကျွမ်းကျင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ကျွမ်းကျင်သူများပါဝင်သောအဖွဲ့ကို ဖွဲ့စည်း၍ဖြစ်စေ သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။
(ခ) ဘာသာပြန်ဆိုချက်အပေါ် မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာပြည်ပနိုင်ငံသို့ လွှဲပြောင်းပေးရမည်။

၄၁။ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ တယ်လီဖုန်း၊ ဖက်စ် သို့မဟုတ် အီးမေးလ်ဖြင့်ဖြစ်စေ၊ ကွန်ပျူတာကွန်ရက်ဆက်သွယ်ဆောင်ရွက်မှုအပါအဝင် အခြား အီလက်ထရောနစ်နည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေဆက်သွယ်ဆောင်ရွက်မှုများကို သက်သေခံအဖြစ် တင်ပြခွင့်ရှိစေရမည်။

၄၂။ ပြည်ပနိုင်ငံတစ်ခုခုက အကူအညီတောင်းခံသည့် ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဗဟိုအာဏာပိုင်အဖွဲ့နှင့် ယင်းအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရဌာန၊ အဖွဲ့အစည်းသည် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိလျှင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–
(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဗဟိုအာဏာပိုင်အဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့သည်လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တနင်္သာရီတိုင်းအတွင်း ငါး၊ ပုစွန်လုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဧပြီ ၂၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ဧပြီ ၂၃ရက်တွင် တနင်္သာရီတိုင်း မြိတ်မြို့ ကျောက်ဖျာကျေးရွာအုပ်စု သမုမြစ်ဘေး လော့လောကျေးရွာ၌ ပထမအဆင့် မြေဧက ၂၅၀ကျော်ကို ကန်ဧက ငါးယူနစ် ဆောင်ရွက်မည့် ပုစွန်မွေးမြူရေးစခန်း တူးဖော်ရေးစီမံကိန်းသို့ ရောက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ တင်ပြချက်အပေါ် ဝန်ကြီးက ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပုစွန်မွေးမြူမည့် ကုမ္ပဏီများကို ပုစွန်မွေးမြူရေး စီမံချက်များ အစ၊ အလယ်၊ အဆုံး အောင်မြင်အောင် တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနရုံးသို့ရောက်ရှိပြီး ရေလုပ်ငန်း မွေးမြူလုပ်ကိုင်သည့် ကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ တနင်္သာရီတိုင်းအတွင်း ပုစွန်မွေးမြူရေးကန် ဧကရှစ်ထောင်ကျော် ဖော်ထုတ်မွေးမြူနိုင်ရေးအတွက် လုပ်ငန်းတာဝန်များ ခွဲဝေချထားပြီး ဝန်ကြီးဌာနမှ ပံ့ပိုးပေးမည့် အစီအစဉ်များ ရှင်းလင်းမှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဧပြီ ၂၄ရက်တွင် မြိတ်မြို့ အင်းလေးမြိုင်ရပ်ရှိ မြိတ်အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် ငါးတင်ငါးချတံတားသို့ ရောက်ရှိပြီး ရေလုပ်ငန်းကုမ္ပဏီများ၏ ငါး/ပုစွန်ဝယ်ယူစုဆောင်းမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြိတ်စက်မှုဇုန်ရှိ A.S.K ANDAMAN Co., Ltd ၏ တစ်နေ့ တန်(၂၀)ကျ ငါးအသားလွှာကြိတ်စက်ရုံနှင့် တစ်နေ့တန်(၃၀)ကျ ငါးအမှုန့်ကြိတ်စက်ရုံများသို့ ရောက်ရှိပြီး စက်ရုံများကို ကြည့်ရှုစစ်ဆေး၍ အရည်အသွေးမြင့် အသင့်စားသုံးနိုင်သော ငါး၊ ပုစွန် အစားအစာများ ကမ္ဘာ့အဆင့်မီ ထုတ်လုပ်တင်ပို့နိုင်ရေး၊ စက်စွမ်းအားပြည့်ထုတ်လုပ်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျွန်းစုမြို့နယ် ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော ငါး၊ ပုစွန်အအေးခန်းနှင့် ရေခဲစက်ရုံသို့လည်းကောင်း၊ ငါးအမှုန့်ကြိတ်စက်ရုံ တည်ဆောက်နေမှုနှင့် ကဏန်းပျော့မွေးမြူရေးကန်များ တူးဖော်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

မင်းဓမ္မကုန်းတော်၌ ညောင်ရေသွန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တတိယအကြိမ် မဟာဗောဓိပင် ညောင်ရေသွန်းပွဲအခမ်းအနားကို မေ ၃ ရက် (ကဆုန်လပြည့်နေ့) ညနေ ၄နာရီတွင် အဆိုပါကုန်းတော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာပျော်ရွှင်သော မိသားစုဘဝဖြစ်စေရေး မျိုးဆက်ပွားကျန်းမာရေးကို အဓိကထားစောင့်ရှောက်

ရန်ကုန် ဧပြီ ၂၈

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မျိုးဆက်ပွားကျန်းမာရေးသတင်းစနစ် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲနှင့် ထူးချွန်ဝန်ထမ်းများ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟို အလုပ်အမှုဆောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် အမျိုးသားကျန်းမာရေး စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မိသားစုကျန်းမာရေး စောင့်ရှောက်မှုစီမံချက်မှာ ဦးစားပေး စီမံချက်တစ်ရပ်အဖြစ် ပါဝင်ကြောင်း၊ ဤစီမံချက်၏ မျိုးဆက်ပွားကျန်းမာရေးကဏ္ဍကို အားဖြည့်ဆောင်ရွက်ရာတွင် ပြောင်းလဲနေသည့် လူမှုစီးပွားရေး ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး ကျန်းမာရေးရှုထောင့်အမြင်ထည့်သွင်းကာ မိသားစုကျန်းမာရေးအတွက် လိုအပ်ချက်ကို ထည့်သွင်းဖြည့်ဆည်းပေးခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် Family Planning ဆိုသည့် မိသားစုအရေအတွက် ထိန်းချုပ်ရန် မလိုအပ်သော်လည်း ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ကျန်းမာပျော်ရွှင်သော မိသားစုဘဝ (Happy Healthy Family) ဖြစ်စေရေးအတွက် မျိုးဆက်ပွားကျန်းမာရေးကို အဓိကထား စောင့်ရှောက်ပေးရန် လိုအပ်လာကြောင်း။

အလွန်ထူးခြား

ယနေ့ အခမ်းအနားသည် နိုင်ငံတော်၏ ရည်မှန်းချက်ကို ပြည့်မြောက်အောင် ဦးတည်ဆောင်ရွက်ပေးနိုင်ခဲ့သည့် ကျန်းမာရေးစောင့်ရှောက်ပေးမှုအတွက် မှတ်တမ်းတင်သည့် မျိုးဆက်ပွား ကျန်းမာရေးသတင်းစနစ်တွင် ထူးချွန်သူများအား ရွေးချယ်ပြီး ဆုချီးမြှင့်မှာဖြစ်သည့်အတွက် အလွန်ထူးခြားသော အစီအစဉ် တစ်ရပ်ဖြစ်ကြောင်း၊ ဆုချီးမြှင့်ရန် ထောက်ပံ့ပေးသည့် UNFPA/WHO တို့ကိုလည်း ကျေးဇူးတင်ကြောင်း။

ဆုချီးမြှင့်ပွဲနှင့်အတူ ထူးချွန်ဝန်ထမ်းများ၏ လုပ်ငန်းအတွေ့အကြုံ ဆွေးနွေးဖလှယ်ခြင်း အစီအစဉ်လည်းပါရှိသည့်အတွက် ဤဆွေးနွေးချက်များကို မြို့နယ်အသီးသီးရှိ ကျန်းမာရေးဝန်ထမ်းများသိရှိပြီး အားကျကာ နမူနာယူနိုင်ကြစေရန်အတွက် လက်ဆင့်ကမ်း ဆင့်ပွားပြောကြားပေးကြရန် မှာကြားလိုကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးစီမံချက်ကို ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ပံ့ပိုးမှုဖြင့် မြို့နယ်ပေါင်း ၈၆မြို့နယ်တွင် ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်တွင် ခုနစ်မြို့နယ် ထပ်မံတိုးချဲ့မှာဖြစ်သည့်အတွက် မြို့နယ်ပေါင်း ၉၃ မြို့နယ်တွင် ဆက်လက်ဆောင်ရွက်မှာ ဖြစ်ကြောင်း၊ ယခု ဆွေးနွေးပွဲတွင် စီမံချက်ဝင် မြို့နယ်အားလုံးမှ ကိုယ်စားလှယ်များနှင့် ပြည်နယ်၊ တိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာဝန်ထမ်းများကို ဖိတ်ခေါ်ပြီး ညှိနှိုင်း ဆွေးနွေးခြင်း ဖြစ်ကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မျိုးဆက်ပွားကျန်းမာရေး သတင်းစနစ် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ နှင့် ထူးချွန်ဝန်ထမ်းများ ဆုချီးမြှင့်ပွဲ တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆင့်ပွားသင်တန်း

ဆွေးနွေးပွဲပြီးက မိမိတို့မြို့နယ် အသီးသီးမှ အခြေခံကျန်းမာရေး ဝန်ထမ်းအားလုံးကို ကောင်းစွာသဘောပေါက် နားလည်လာအောင် စိတ်ရှည် လက်ရှည် ဆင့်ပွားသင်ကြားပေးကြပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib M. Assifi က အမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဝန်ကြီးက ကျန်းမာရေး ဝန်ကြီးဌာန၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့တို့ မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်သော ၂၀၀၃ခုနှစ် မျိုးဆက်ပွား ကျန်းမာရေး သတင်းစနစ် ထူးချွန်ဆုရရှိသူ ပြည်နယ်၊ တိုင်း ဦးစီးဌာနမှူး တစ်ဦး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ငါးဦး၊ ကြီးကြပ်သူ ငါးဦးနှင့် လုပ်ငန်းဆောင်ရွက်သူ ၁၀ဦးတို့အား ဆုများ ချီးမြှင့်သည်။

ထို့နောက် မျိုးဆက်ပွားကျန်းမာရေး သတင်းစနစ် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသား ကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်စိုး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် တာဝန်ရှိသူများက မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲကို မေ ၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဒုတိယရှေ့နေချုပ် ဦးဟာန်ရှိန်နှင့်အဖွဲ့ ရှမ်းပြည်နယ်ဥပဒေရုံးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၈

ရှေ့နေချုပ်ရုံးခွဲ (မန္တလေး)မှ ဒုတိယရှေ့နေချုပ် ဦးဟာန်ရှိန်နှင့်အဖွဲ့သည် ဧပြီ၂၁ ရက်မှ ၂၃ရက်အတွင်း ရှမ်းပြည်နယ်သို့သွားရောက်၍ ဥပဒေရုံးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ဟိုပုံးမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယရှေ့နေချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ် ဥပဒေရုံး၊ တောင်ကြီးခရိုင် ဥပဒေရုံးနှင့် တောင်ကြီးမြို့နယ် ဥပဒေရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဧပြီ၂၂ရက် နံနက်၈နာရီခွဲတွင် ဟိုပုံးမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အတူ ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ စစ်ဘက်ဆိုင်ရာ အရာရှိများ၊ နယ်ဘက်ဆိုင်ရာ အရာရှိများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးမှ တရားသူကြီးများနှင့် ဥပဒေအရာရှိများ တက်ရောက်ကြသည်။

ထို့နောက် တောင်ကြီးမြို့ ပြည်နယ်ဥပဒေရုံးတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့် တွေ့ဆုံပြီး အမှုလိုက်လုပ်ငန်း၊ စီမံခန့်ခွဲရေး လုပ်ငန်းများကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။ (သတင်းစဉ်)

ဘဒ္ဒန္တ သုနန္ဒ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၈

မန္တလေးတိုင်း မိုးကုတ်မြို့ သတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက်ရှိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပရိယတ္တိသာသနဟိတဓရ ဂုဏဝိသိဋ္ဌ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ သုနန္ဒအား ဂုဏ်ပြုပူဇော်ပွဲ၊ အနှစ်(၅၀)ပြည့် ဒုလ္လဘ ရဟန်းခံ၊ ရှင်ပြု ရွှေရတုနှင့် (၂၅)နှစ်ပြည့် စာသင်တိုက် ငွေရတုပွဲတော်ကြီးကို ကဆုန်လဆန်း ၁၃ရက်၊ မေ ၁ရက်မှ ကဆုန်လပြည့်ကျော် ၁၅ရက်၊ မေ ၁၈ရက်ထိ ကျင်းပမည်ဖြစ်သည်။

အစီအစဉ်များအရ ဧပြီ ၂၉ရက်(ကြာသပတေးနေ့)တွင် မန္တလေးမြို့ ဆရာတော် ဦးတိက္ခ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဗဟုဇန ဟိတဓရ ဓမ္မကထိက) ကလည်းကောင်း၊ ဧပြီ ၃၀ရက် (သောကြာနေ့)တွင် မန္တလေးမြို့ ဆရာတော် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်) ဗဟုဇနဟိတဓရ ဓမ္မကထိက ကလည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး ပင့်သံဃာတော်အပါး ၁၀၈၀တို့အား ဆွမ်း၊ သင်္ကန်း၊ နဝကမ္မအလှူတော်ငွေများ လှူဒါန်းကြမည်ဖြစ်သဖြင့် ကြုံတောင့် ကြုံခဲထူးခြားသော ရွှေရတု၊ ငွေရတု ဂုဏ်ပြုပူဇော်ပွဲသို့ ပင့်သံဃာတို့အား မိမိတို့တတ်စွမ်းသမျှလှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူနိုင်ကြကြောင်း ဖြစ်မြောက်ရေး ကော်မတီ သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက် မိုးကုတ်မြို့မှ နှိုးဆော်ထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၀ ၆။ အရေးပြိုင်ပွဲ
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ ဖြူးချောင်းတံတား
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Everyday Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၂၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၃၅ ၇။ တေးဂီတအစီအစဉ်
၅း၅၅ ၈။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆း၁၀ ၉။ မူဟာန်သွယ်သွယ်ဆိုကြမယ်
၆း၃၀ ၁၀။ ညနေခင်းသတင်း
၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ်(အပိုင်း–၁၇)**
၇း၃၀ ၁၃။ တေးဂီတအစီအစဉ်
၇း၄၅ ၁၄။ အန္တရာယ်ကင်းဝေး ဘေးကင်းရေး ကျန်းမာရေးဖြင့် အသိပေး
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း "အသည်းစားကြွေရုပ်" (အပိုင်း–၁) (လူမင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–ဟိန်းစိုး)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

အမျိုးသမီး သက်ကြီးတန်း အခြေခံဂူရှူးသင်တန်းဆင်း

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အမျိုးသမီးအားကစားအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် ၂၀၀၄ခုနှစ် အမျိုးသမီး (သက်ကြီးတန်း) အခြေခံ ဂူရှူးအားကစား သင်တန်းဆင်းပွဲကို ယမန်နေ့နံနက် ၈နာရီက အထက(၄) တာမွေ မြတ်သဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသူများက အခြေခံ ဂူရှူးကစားကွက်များဖြင့် သရုပ်ပြသကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေးက သင်တန်းဆင်း လက်မှတ်များပေးအပ်ပြီး သင်တန်းနည်းပြ ဒေါ်ယဉ်ယဉ်နုက သင်တန်း ရက်မှန်ဆုရ သင်တန်းသူ ငါးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်သည်။

အဆိုပါ သင်တန်းကို မတ် ၁၅ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူဦးရေ ၃၂ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေးက သင်တန်းဆင်း လက်မှတ်ပေးအပ်စဉ်။ (ကြေးမုံ)

✧ ကာကွယ်ရေးဝန်ကြီးဌာနမှ

မဟာ ဂန္ထဝါစကပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယ ဒေါ်ပညာဝတီနှင့် ပြည်ကြီးတံခွန်မြို့နယ် သီလရှင် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထ ဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ သီလရှင်ဆရာကြီး ဒေါ်ရူပသီဂီတို့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မြဝတီသီလရှင် စာသင်တိုက် သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မြစ်ငယ်တံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မြစ်ငယ်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၂)မှ လက်ထောက် အင်ဂျင်နီယာ ဦးစောစိန်သန်းက မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလ အတွင်း ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် လိုအပ်သည် များကို မှာကြားသည်။

မြစ်ကြီးနားမြို့

ထိုမှတစ်ဆင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ဆက်လက်ထွက်ခွာကြရာ မြစ်ကြီးနားမြို့သို့ နံနက် ၁၁နာရီ ၄၅မိနစ်တွင် ရောက်ရှိကြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးကြီးဇော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား လေဆိပ်ဧည့်ခန်းမ၌ မြစ်ကြီးနားလေဆိပ် အဆောက်အအုံ ပြင်ဆင်မွမ်းမံခြင်းနှင့် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင် တည်ဆောက်ခြင်း လုပ်ငန်းတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ငွေစံအိမ် ဆောက်လုပ်ရေးကုမ္ပဏီတာဝန်ခံ ဦးညီညီလွင်က ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး မြစ်ကြီးနားလေဆိပ် အဆောက်အအုံ ပြင်ဆင်မွမ်းမံခြင်းနှင့် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင် တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မြစ်ကြီးနားမြို့နယ် ပမ္မတီးကျေးရွာအုပ်စုရှိ မြစ်ကြီးနား အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စာသင်ခန်းမ၌ တာဝန်ခံကျောင်းအုပ် ဒေါ်ခင်သန်းမြက ပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ ကောလိပ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အားမြစ်ကြီးနားအစိုးရနည်းပညာ ကောလိပ် တည်ဆောက်ရေးလုပ်ငန်း များနှင့် စပ်လျဉ်း၍ အဲဗားဂရင်း ဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံ ဦးတေဇာဝင်းက ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား နည်းပညာကောလိပ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တည်ဆောက်ပြီးစီးမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံမှာကြား

ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနား တပ်နယ်ခန်းမ၌ မြစ်ကြီးနား တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တပ်တွင်း စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး ရှင်းလင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မြစ်ကြီးနားမြို့၌ ညအိပ် ရပ်နားသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ မြဝတီသီလရှင်စာသင်တိုက် သုံးထပ်ကျောင်းဆောင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ–မလေးရှား ကုန်သွယ်မှုကိစ္စ ဆွေးနွေး

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား ဧပြီ ၂၆ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Mr. Rizany Irwan Muhamad Mazlan, Head of Chancery သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး မလေးရှားနိုင်ငံ Penang Port Commission မှ အဖွဲ့ဝင် ၂၅ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများအတွက် Seminar ပြုလုပ်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

အလားတူ ဆွီဒင်နိုင်ငံ Elof Hansson AB မှ ဥက္ကဋ္ဌ Mr. Thomas Pettersson သည် Dr. Ake Magnusson, Executive Director လိုက်ပါလျက် UMFCCI အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စီးပွားကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စနှင့် စက္ကူအမျိုးမျိုး တင်သွင်းရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ (၂၀၀၄)နှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal က နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ (၂၀၀၄)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံကုန်စည်ပြပွဲ (၂၀၀၄) သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အစီအစဉ်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ကုန်သွယ်ရေးရာဌာန၏ နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ(၂၀၀၄)ကို မေ ၅ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ခင်းကျင်းပြသမည်ဖြစ်ရာ အဆိုပါ ထိုင်းကုန်စည်ပြပွဲ (၂၀၀၄) နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အကြံပေးပုဂ္ဂိုလ် ဦးတင်ခ၊ ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်း၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း)နှင့် (နိုင်ငံခြား)တို့မှ စာတည်းမှူးချုပ်များနှင့် စာတည်းများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် နိုင်ငံခြားသတင်းထောက်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ကုန်သွယ်ရေးရာဌာန စီးပွားရေးရာသံမှူး Mr. Matyawongse Amatyakul နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် စီးပွားရေးရာ သံမှူးတို့က နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ(၂၀၀၄)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ထိုင်းကုန်စည်ပြပွဲများကို မြန်မာနိုင်ငံ၌ ၁၉၉၈ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ရှစ်ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီး ယခု ၂၀၀၄ခုနှစ် မေလတွင် နဝမအကြိမ်မြောက်အဖြစ် ခမ်းနားစည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း။

ကုမ္ပဏီ ၁၄၀

ယခုနှစ်ကျင်းပမည့် နဝမအကြိမ်မြောက် ထိုင်းကုန်စည်ပြပွဲ(၂၀၀၄)တွင် ထိုင်းနိုင်ငံမှ ကုမ္ပဏီပေါင်း ၁၄၀ က ပြခန်းပေါင်း ၁၇၅ခန်းဖြင့် ကားအပိုပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ကလေးကစားစရာ ပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ၊ ဆံကေသာအလှပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ စားသောက်ကုန်နှင့် အဖျော်ယမကာပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများ၊ ပရိဘောဂများ၊ အဝတ်အထည်များ၊ ဖက်ရှင်သုံး အလှကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ သားရေထည်ပစ္စည်းများ၊ ဖိနပ်အမျိုးမျိုး၊ တွင်ခုံနှင့်ပတ်သက်သော စက်ကိရိယာပစ္စည်းများနှင့် ဆေးဝါးပစ္စည်းတို့ကို ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း။

ယခုနှစ်တွင် အထူးအစီအစဉ်အနေဖြင့် ထိုင်းနိုင်ငံထွက် သစ်သီးဝလံမျိုးစုံတို့ကို လှပစွာ ပြင်ဆင်ခင်းကျင်းပြသမည်ဖြစ်ပြီး အခွံနွှာလှီးပြစနစ်ဖြင့် ပြင်ဆင်မှုပြိုင်ပွဲ၊ ကိုယ်ကာယအလှနှင့် ကျန်းမာမှုဆိုင်ရာ နည်းပညာများ ပြသသည့် အစီအစဉ်များကိုပါ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း။

အခမဲ့ပြသ

ဤကဲ့သို့ ကုန်စည်ပြပွဲများကို စဉ်ဆက်မပြတ် နှစ်စဉ် ကျင်းပလာနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံမှ ကုန်သည်များနှင့် ထိုင်းနိုင်ငံမှ ကုန်သည်များ ခင်မင်ရင်းနှီး ကျွမ်းဝင်မှုများ ရရှိခဲ့ပြီး နှစ်နိုင်ငံစီးပွားရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ရရှိခဲ့ကြောင်း၊ ယခုနှစ် ထိုင်းကုန်စည်ပြပွဲ(၂၀၀၄)တွင် မေ ၅ရက်မှ ၆ရက်အထိ ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များအား ဝင်ခွင့်လက်မှတ်ဖြင့် အခမဲ့ ပြသမည်ဖြစ်ပြီး မေ ၇ရက်နှင့် ၈ရက်တို့တွင် အများပြည်သူတို့အား ဝင်ခွင့်လက်မှတ်မလိုဘဲ အခမဲ့ ပြသွားမည်ဖြစ်ကြောင်း၊ ဤသို့ ကဏ္ဍခွဲခြားထားခြင်းမှာ ထိုင်းလုပ်ငန်းရှင်များနှင့် မြန်မာလုပ်ငန်းရှင်များ ရင်းရင်းနှီးနှီး စီးပွားရေးလုပ်ငန်းများ ဆွေးနွေးနိုင်ရန် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ၏ သိလိုသည့် မေးမြန်းချက်များကို ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် စီးပွားရေးရာ သံမှူးတို့က ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ပြပွဲ ဝင်ခွင့်လက်မှတ်ရယူလိုသော မြန်မာနိုင်ငံမှ ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များသည် TTF (Yangon) Co., Ltd. အမှတ် (၉၆) ဘိုကလေးဈေးလမ်း ရန်ကုန်မြို့ ဖုန်း– ၂၉၄၀၀၆၊ ၂၉၆၂၂၇၊ ၂၄၅၁၃၇၊ ၁၄၅၁၃၈ တို့နှင့် ဖက်စ်–၂၄၅၀၉၂ တို့သို့ ဆက်သွယ်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

☆ တပ်မတော်(ရေ)မှ

ရေတပ် လေ့ကျင့်ရေးဌာနချုပ်– ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ကောင်စီဝင်များ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ရေတပ်လေ့ကျင့်ရေးဌာနချုပ်– ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်တို့က အမှာစကား အသီးသီးပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ရေကြောင်းရဲညွှန့်လောင်း (အခြေခံနှင့် တန်းမြင့်) သင်တန်းတွင် အခြေခံသင်တန်းသား ၅၀နှင့် တန်းမြင့်သင်တန်းသား ၂၅ဦး စုစုပေါင်း ၇၅ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို သိမ်ဖြူတင်းနစ် အားကစားကွင်းတွင် ကျင်းပလျက်ရှိရာ ဧပြီ ၂၇ရက်က အမျိုးသား အသက်(၁၂)နှစ်အောက်ပြိုင်ပွဲ၌ ပြည့်ဖြိုးစောနိုင် ယှဉ်ပြိုင်ကစားစဉ်။ (ကြေးမုံ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၈-၄-၂၀၀၄)

ရွှေကျင်–၁၃သမ၉၇လက်မ

မန္တလေး–၁၃သမ၂၆လက်မ

ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တင်ရေးလုပ်ငန်းများ သိသိသာသာ တိုးတက်လာ မကြာမီမိုးရာသီရောက်လာမည်ဖြစ်၍ လုပ်ငန်းများအရှိန်အဟုန်မြှင့်

ရန်ကုန်　　ဧပြီ　　၂၈

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ဥယျာဉ် Central Forest Zoneရှိ Water Plaza တည်ဆောက်ရေးလုပ်ငန်းရှင်းလင်းဆောင်၌ ကျင်းပရာ ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အင်တိုက်အားတိုက်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန် ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ သိသိသာသာ တိုးတက်ပြောင်းလဲလာပြီဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဇုန်များသတ်မှတ်ပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ဇုန်ကော်မတီများကလည်း မိမိတို့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်ကြစေလိုကြောင်း၊ မကြာမီကာလအတွင်း ပွင့်လင်းရာသီကုန်ဆုံးပြီး မိုးရာသီရောက်ရှိလာတော့မည်ဖြစ်၍ လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သည် ရန်ကုန်မြို့လယ်တွင် တည်ရှိသည့် အပန်းဖြေ စခန်းကြီးသာမကဘဲ ပြည်သူများအတွက် ပညာပေးကဏ္ဍများ ပါရှိသဖြင့် အလွန်အကျိုးရှိကြောင်း၊ ထို့အပြင် ကမ္ဘာလှည့်ခရီးသွားများပါ ဆွဲဆောင်နိုင်သည့် အပန်းဖြေ ဥယျာဉ်ကြီးဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ အမြန်ပြီးစီးရေး ကြိုးပမ်းလုပ်ဆောင်ကြရန် ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ထို့နောက် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းက Education Zone အတွင်း Frash Water Fish Garden တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အဆင့်မြင့်စားသောက်ဆိုင်များ တည်ဆောက်နေမှုနှင့် အချိန်မီဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ရေရှည်ခိုင်ခံ့စေရေးအတွက် အရည်အသွေးစစ်ဆေးနေမှုအခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စီစဉ်ဆောင်ရွက်

ဆက်လက်၍ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဌာနဆိုင်ရာအကြီးအကဲများက သက်ဆိုင်ရာ ဇုန်များအလိုက် မြေယာရှုခင်းအလှများ ဆောင်ရွက်ပြီးစီးမှု၊ ကျွန်းကူးတံတားများ တည်ဆောက်နေမှု၊ Water Plaza, Water Fountain, အဝင်လမ်းများ၊ ဇုန်တွင်းလမ်းများ၊ Exercise Garden၊ Viewing Plaza၊ Timber Trallis၊ ရေကူးကန်နှင့် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများနှင့်Cable Car ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ကန်တော်ကြီး ရေပြင်သန့်ရှင်းရေးနှင့် ရေပမာဏ ပိုမိုသိုလှောင်အသုံးချနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် ညှိနှိုင်း အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်း တင်ပြချက်များနှင့်ပတ်သက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေးကာ အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများကို Detail Design များအတိုင်း အရည်အသွေးစံချိန်စံညွှန်းမီဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် Education Zone ရှိ စိုက်ပျိုးရေးပြတိုက်အဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ Relaxation Zone အတွင်း အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် မြေယာရှုခင်းအလှများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ Recreation Zone အတွင်း အဆင့်မြင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။　(သတင်းစဉ်)

ကမ္ဘာ့အလုပ်သမားနေ့နှင့် ကဆုန်လပြည့်နေ့တို့တွင် ဖွင့်လှစ်ထားမည်

ရန်ကုန်　ဧပြီ　၂၈

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို မေ ၁ရက် (စနေနေ့)ကမ္ဘာ့အလုပ်သမားနေ့နှင့် မေ၃ရက်(တနင်္လာနေ့)ကဆုန်လပြည့်နေ့တို့တွင် ပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန် နံနက် ၈နာရီမှညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။
(သတင်းစဉ်)

လေကြောင်း ရဲညွှန့်လောင်းသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန်　ဧပြီ　၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(လေ) လေကြောင်း ရဲညွှန့်လောင်းသင်တန်း (နမ့်စန်စခန်း)အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲကို ဧပြီ ၂၆ရက် နံနက် ၉နာရီတွင် နမ့်စန်တပ်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်းနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများ၊သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်းက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ကြာမြင့်မည်ဖြစ်သည်။　(သတင်းစဉ်)

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၃ x ၆၄ လမ်းကြား၊ တမာလမ်း၊ အမှတ်-၀၀၂/၅၇ နေ ဦးထွန်းရွှေ-ဒေါ်ခင်မြသန်း သားသမီး မြေးတစ်စုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)သို့ ဧပြီ ၂၃ရက်က ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

မေလပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့်ပဲခူးတိုင်းတို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်နှစ်ရက်မှသုံးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းအောက်ပိုင်း၊မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဖြစ်မြဲထက် သိသိသာသာပိုနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲထက်အနည်းငယ်ပိုနိုင်ပါသည်။

မြစ်ရေအခြေအနေ

၂၀၀၄ခုနှစ် မေလပထမ(၁၀)ရက်ပတ်အတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် လက်ရှိရေမှတ်များထက် သုံးပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် လက်ရှိရေမှတ်များထက်နှစ်ပေခန့်မြင့်တက်နိုင်ပြီး ညောင်ဦးမြို့၊ ချောက်မြို့၊မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် လက်ရှိရေမှတ်များအောက် နှစ်ပေခန့်နှင့် ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် လက်ရှိရေမှတ်များအောက် လေးပေခန့် ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့်ဟုမ္မလင်းမြို့တို့တွင်လက်ရှိရေမှတ်များထက် လေးပေခန့်၊ မော်လိုက်မြို့နှင့်ကလေးဝမြို့တို့တွင်လက်ရှိရေမှတ်များထက်ငါးပေခန့်နှင့် မုံရွာမြို့တွင် လက်ရှိရေမှတ်များထက်သုံးပေခန့် မြင့်တက်နိုင်ပါသည်။

ဧပြီ ၂၇ ရက်က တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးအတွက် အလှူရှင် ကောင်းသန့်စာပေမှ ငွေကျပ်တစ်သိန်းငါးသောင်း တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၆၅၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ) နှင့် တာဝန်ရှိသူများက လက်ခံစဉ်။
(သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

(၂၈-၄-၂၀၀၄)

မကွေး -၄၄ ဒီဂရီစင်တီဂရိတ်(၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)
မင်းဘူး-၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်-၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)

ပရီမီယာလိဂ်ပွဲစဉ်(၃၆) ဒုတိယအကျော့ ဦးဆောင်နေသော အာစင်နယ် လက်ကျန်ပွဲများမည်သို့ကစားမလဲ

ပရီမီယာလိဂ်ပွဲစဉ်(၃၅)တွင် အသင်းကြီးသုံးသင်းစလုံး၏ ရလဒ်များ ကမောက်ကမ ဖြစ်ခဲ့သည်။ စပါး(စ်)ကို အာစင်နယ်သရေကျသည်။ ချယ်လ်ဆီးနှင့် မန်ယူတို့ ရှုံးသည်။

လောလောဆယ် ဒုတိယလိုက်နေသည့် ချယ်လ်ဆီးနှင့် အာစင်နယ်တို့ ၁၀ မှတ်ကွာနေသည်။ တတိယ မန်ယူနှင့်လည်း ၁၁ မှတ်ကွာသည်။ အကယ်၍ အာစင်နယ်သည် လက်ကျန်ပွဲ သုံးပွဲစလုံးကို ရှုံးသည့်တိုင် ချယ်လ်ဆီးနှင့် မန်ယူတို့ ချန်ပီယံမဖြစ်နိုင်။ တစ်ဖန် အာစင်နယ်သည် ပွဲစဉ်(၃၁)မှ လက်ကျန် ပွဲတစ်ပွဲ ကစားရန် ကျန်သေးသည်။ ထို့ကြောင့် အာစင်နယ် စုစုပေါင်းလေးပွဲ ကစားရန် ကျန်သည်။

ထိုအချက်ကို ကြည့်ခြင်းအားဖြင့် အာစင်နယ်သည် လက်ကျန်ပွဲလေးပွဲကို အနည်းဆုံး အရှုံးနှင့်သရေ ဖန်တီးကစားသွားနိုင်သည်။ အာစင်နယ်ကစားရန် ကျန်သော အသင်းများမှာ ဘာမင်ဂမ်၊ ဖူလ်ဟမ်း၊ လက်စတာ၊ ပို့စ်မောက် (လက်ကျန်ပွဲ)တို့ ဖြစ်သည်။

ပရီမီယာလိဂ်၏ စိတ်ဝင်စားဖွယ်ကောင်းသော အခြေအနေမှာ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရေးဖြစ်သည်။ အဆင့်(၄) နယူးကာဆယ်နှင့် အဆင့်(၅) လီဗာပူး တို့သည် ၅၃ မှတ်ချင်းတူနေကြသည်။ ထို့အပြင် ဂိုးကွာဟချက်ချင်းလည်း တူနေသည်။ သို့သော် နယူးကာဆယ်သည် လက်ကျန်ပွဲတစ်ပွဲကစားရဦးမည်။ အဆင့်(၆)မှ လိုက်နေသော ဗီလာသည် အဆင့်(၄)၊ အဆင့်(၅)တို့နှင့် တစ်မှတ် ကွာသည်။

အဆင့်(၆)ထဲသို့ဝင်ရန် အလားအလာရှိသော အသင်းများမှာ ဖူလ်ဟမ်း၊ ချာလ်တန်၊ ဘာမင်ဂမ်တို့ဖြစ်ကြသည်။ အသင်းများသည် အဆင့်(၄) နယူး ကာဆယ်၊ အဆင့်(၅)လီဗာပူးနှင့် ငါးမှတ်ကွာသည်။ အဆင့်(၆)ဗီလာနှင့် လေးမှတ်ကွာသည်။

အကယ်၍ နယူးကာဆယ်၊ လီဗာပူး၊ ဗီလာတို့သည် ခြေချော်လက်ချော် နှစ်ပွဲလောက်ရှုံးပြီး ဘာမင်ဂမ်၊ ဖူလ်ဟမ်း၊ ချာလ်တန်တို့ လက်ကျန်ပွဲအားလုံးကို နိုင်မည်ဆိုလျှင် အဆင့်(၆)ထဲသို့ ဝင်သွားနိုင်သည်။ ၎င်းအသင်းများသည် ၄၈မှတ် တူနေကြသည်။ ဖူလ်ဟမ်းမှာ ပေးဂိုးသွင်းဂိုး ကွာဟချက်ကြောင့် အလားအလာအကောင်းဆုံးဖြစ်သည့် ဘာမင်ဂမ်နှင့် ချာလ်တန်တို့မှာ မျှော်လင့်ချက် မရှိသလောက်ဖြစ်သည်။

နောက် စိတ်ဝင်စားဖွယ်တစ်ခုမှာ တန်းဆင်းဇုန်နားမှ အသင်းများနှင့် တန်းဆင်းဇုန်ထဲမှ အသင်းများ ကစားမည့် ပွဲစဉ်များဖြစ်သည်။

သို့ဖြစ်၍ ချန်ပီယံလိဂ်လည်း မဝင်၊ တန်းဆင်းဇုန်ထဲလည်း မရောက်သော အသင်းများသည် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရေးအတွက် အလားအလာ ရှိသော အသင်းများအတွက်လည်းကောင်း၊ တန်းဆင်းဇုန်နှင့် တန်းဆင်းဇုန်နားမှ အသင်းများကိုလည်းကောင်း မည်သို့မည်ပုံ ပံ့ပိုးကစားပေးသွားမည်ကို သတိထား စောင့်ကြည့်ရမည်ဖြစ်သည်။

ပွဲစဉ်(၃၆)ကို မေ ၁ ရက်နှင့် ၂ရက်တို့တွင် ဆက်လက်ကစားကြမည်။

မေ ၁ ရက်
စနေနေ့
မြန်မာစံတော်ချိန် ည ၆ နာရီခွဲတွင် ကစားမည်

အာစင်နယ်–ဘာမင်ဂမ်

အဆင့်(၁) အာစင်နယ်နှင့် အဆင့်(၉) ဘာမင်ဂမ် ကစားမည်။ ရမှတ်များမှာ အာစင်နယ် ၈၂၊ ဘာမင်ဂမ် ၄၈ ဖြစ်သည်။

နောက်ဆုံးပွဲတွင် နှစ်သင်းစလုံး သရေကစားခဲ့ကြသည်။ သူတို့ ကစားခဲ့သော အသင်းများမှာ အောက်အသင်းများဖြစ်သည်။ နှစ်သင်းစလုံး ခြေကျသည်။ အာစင်နယ် များစွာသာသည်။

အာစင်နယ်ကွင်း၌ ကစားမည်။ ပထမအကျော့ အာစင်နယ် သုံးဂိုး–ဂိုးမရှိ နိုင်သည်။ ယခုပွဲ အာစင်နယ် စိတ်ကြိုက်ကစားနိုင်သည်။ အာစင်နယ် ရှုံးသော်လည်း ဘာမှမဖြစ်။ ဘာမင်ဂမ်ကို ဂိုးဘယ်လောက်ပေးနိုင်မလဲ။ ဘာမင်ဂမ်၏ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ (–၂) ဖြစ်သည်။ အဆင့်(၆) ဗီလာ၏ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ (+၅)ဖြစ်သည်။ နောက်ပွဲတွင် လီဗာပူးနှင့် ဘာမင်ဂမ် ကစားရမည်။ ထိုပွဲတွင် အမှတ်ရဖို့ မလွယ်။ လီဗာပူး ကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရေးကို အထိမခံနိုင်သည့် အနေအထားတွင် ရှိသည်။ အဆင့်(၆) ဗီလာနှင့် ဘာမင်ဂမ် (၃)သာ ကွာသည်။ သို့ဖြစ်၍ အာစင်နယ်သည် ပွဲမရှုံးရေး ဂုဏ်သိက္ခာကို ဆက်ထိန်းမလား စောင့်ကြည့်ကြရမည်။

ပွဲစဉ်အားလုံး မြန်မာစံတော်ချိန် ည ၈နာရီခွဲတွင် ကစားမည်။

ဘလက်ဘန်း–မန်ယူ

အဆင့်(၁၄) ဘလက်ဘန်းနှင့် အဆင့်(၃) မန်ယူကစားမည်။ ရမှတ်များမှာ ဘလက်ဘန်း ၄၀၊ မန်ယူ ၇၁ ဖြစ်သည်။

အဲဗာတန်နှင့်ပွဲ၌ ဘလက်ဘန်း ခြေသင့်ရုံရှိသည်။ လီဗာပူးကို ရှုံးသော မန်ယူ ကစားပုံ ညံ့သည်။ ဘလက်ဘန်းခြေထက် မန်ယူက များစွာသာသည်။

ဘလက်ဘန်းကွင်းမှာ ကစားရမည်။ ပထမအကျော့တွင် မန်ယူက နှစ်–တစ်ဖြင့် နိုင်သည်။ ဘလက်ဘန်းသည် တန်းဆင်းဇုန်မှ လွတ်လွတ်ကျွတ်ကျွတ် ဖြစ်နေသော အသင်းဖြစ်သည်။ ချန်ပီယံလိဂ် ဝင်ခွင့်ရဖို့ ကြိုးစားနေသော အသင်းလည်း မဟုတ်။ မန်ယူကလည်း ချန်ပီယံဖလား ရတော့မည့် အသင်း မဟုတ်သည်မှာ သေချာနေသည်။ ထို့ကြောင့် မန်ယူ ဖြစ်ချင်သော ရလဒ်ပေါ်တွင် ပွဲအဖြေရှိသည်။ ပေးဂိုး၊ သွင်းဂိုးကွာဟချက် ဘလက်ဘန်း (–၈)၊ မန်ယူ (+၂၈) ဖြစ်သည်။ ရှေ့တွင် မန်ယူက ချယ်လ်ဆီးနှင့် ကစားရမည်။ ဘလက်ဘန်းက စပါး(စ်)နှင့် ကစားမည်။

အားကစားသတင်းထောက်

ချာလ်တန်–လက်စတာ

အဆင့်(၈) ချာလ်တန်နှင့် အဆင့်(၁၉) လက်စတာ ကစားမည်။ ရမှတ်များမှာ ချာလ်တန် ၄၈၊ လက်စတာ ၂၉ ဖြစ်သည်။

ဖူလ်ဟမ်းကို ကစားသော ချာလ်တန် ခြေညံ့သည်။ ထို့ကြောင့် ချာလ်တန်သည် ဖူလ်ဟမ်းနှင့် ၄၈ မှတ်တူရသည်။ ဂိုးကွာဟချက်ကြောင့် မိမိနေရာကို ပေးရသည်။ မန်စီးတီးနှင့်ပွဲမှာ လက်စတာ ကစားပုံ သင့်သည်။

သို့သော် ချာလ်တန်ကို ယှဉ်နိုင်သောခြေရည် လက်စတာတွင် မရှိ။

ချာလ်တန်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ တစ်ဂိုးစီ သရေကျသည်။ ချာလ်တန်ကို လက်စတာနိုင်လျှင် လိဒ်စ်နှင့် အမှတ်တူရုံရှိသည်။ တန်းဆင်းဇုန်ထဲမှ မထွက်နိုင်သေး။ ချာလ်တန်က လက်စတာကို ဂိုးပြတ်နိုင်လျှင် ချန်ပီယံလိဂ် ဝင်ခွင့်ရရေး မျှော်လင့်ချက် များစွာကောင်းသည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ လက်စတာ (–၁၇)၊ ချာလ်တန် (–၁) ဖြစ်သည်။

ချာလ်တန်ရှေ့တွင် လိဒ်စ်နှင့် ကစားရမည်။ လက်စတာက ပို့စ်မောက်နှင့် ကစားမည်။

ချယ်လ်ဆီး–ဆောက်သမ်တန်

အဆင့်(၂) ချယ်လ်ဆီးနှင့် အဆင့်(၁၁) စိန့် ကစားမည်။ ရမှတ်များမှာ ချယ်လ်ဆီး ၇၂၊ စိန့် ၄၅ ဖြစ်သည်။

နယူးကာဆယ်ပွဲမှာ ချယ်လ်ဆီး ညံ့သည်။ စိန့်လည်း ဘော်လ်တန်နှင့် ပွဲတွင် ကောင်းမလိုနှင့် ရှုံးသည်။ လူအား၊ ခြေအား၊ ကစားအား ကြည့်လျှင် ချယ်လ်ဆီး သာသည်။

ချယ်လ်ဆီးကွင်းမှာ ကစားရမည်။ ပထမအကျော့၌ ချယ်လ်ဆီးက တစ်ဂိုး–ဂိုးမရှိ နိုင်သည်။ ပျက်နေသည့် စိန့်ခြေအရ ချယ်လ်ဆီးကို မနိုင်နိုင်။ သို့သော် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ မျှော်လင့်နိုင်သည်။ ပွဲစဉ်(၃၂)မှ လက်ကျန်ပွဲ တစ်ပွဲကစားရန် ရှိသည်။ လေးပွဲကစားရဦးမည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ ချယ်လ်ဆီး(+၃၂)၊ စိန့်(+၄) ဖြစ်သည်။ ရှေ့ပွဲတွင် ချယ်လ်ဆီးက မန်ယူနှင့် ကစားရမည်။ စိန့်က ဗီလာနှင့် ကစားမည်။

မန်စီးတီး–နယူးကာဆယ်

အဆင့်(၁၇) မန်စီးတီးနှင့် အဆင့်(၄) နယူးကာဆယ် ကစားမည်။ ရမှတ်များမှာ မန်စီးတီး ၃၅၊ နယူးကာဆယ် ၅၃ ဖြစ်သည်။

မန်စီးတီးခြေမှာ ပုံမှန်ဖြစ်နေသည်။ ချယ်လ်ဆီးပွဲတွင် နယူးကာဆယ် ကစားပုံကောင်းသည်။ ချယ်လ်ဆီး ညံ့၍ နယူးကာဆယ် နိုင်ခြင်းဖြစ်သည်။ နှစ်သင်း တကယ်ကစားလျှင် ခြေညီသည်။ လောလောဆယ် နယူးကာဆယ် အဆင့်အရ သာနေသည်။

မန်စီးတီးကွင်းမှာ ကစားမည်။ ပထမအကျော့၌ နယူးကာဆယ်က သုံးဂိုး–ဂိုးမရှိ နိုင်သည်။ ယခုပွဲမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ အမှတ်တူနေသော လီဗာပူးနှင့် တစ်မှတ်အကွာမှလိုက်နေသော ဗီလာတို့ နောက်နေ့မှ ကစားကြမည်။ မန်စီးတီးကလည်း တန်းဆင်းဇုန်နားမှာ ရောက်နေသည်။ နယူးကာဆယ်အဖို့ အကျဉ်းအကျပ်အနေအထားမှာရှိသည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ မန်စီးတီး(–၃)၊ နယူးကာဆယ် (+၁၃) ဖြစ်သည်။

မန်စီးတီးက ရှေ့ပွဲတွင် ဘိုရီနှင့် ကစားရမည်။ နယူးကာဆယ်က ဝုလ်ဖ်နှင့် ကစားမည်။

ပို့စ်မောက်–ဖူလ်ဟမ်း

အဆင့်(၁၃) ပို့စ်မောက်နှင့် အဆင့်(၇) ဖူလ်ဟမ်း ကစားကြမည်။ ရမှတ်များမှာ ပို့စ်မောက် ၄၀၊ ဖူလ်ဟမ်း ၄၈ ဖြစ်သည်။

လိဒ်စ်နှင့်ပွဲတွင် ပို့စ်မောက် ကစားပုံကောင်းသည်။ ချာလ်တန်နှင့် ပွဲမှာလည်း ဖူလ်ဟမ်း ကောင်းသည်။ အခြေအနေအရ အဆင့်ကွာသော်လည်း ခြေရည်မတိမ်းမယိမ်းရှိကြသည်။ ဆာဟာထွက်သွားပြီးသည့်နောက် ဖူလ်ဟမ်း ရှေ့တန်းအားပျော့သွားသည်။ ပို့စ်မောက်ကလည်း ကန်မည်ဆိုလျှင် တကယ်ကောင်းသည့်အသင်း ဖြစ်သည်။

ပို့စ်မောက်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ ဖူလ်ဟမ်းက နှစ်ဂိုး–ဂိုးမရှိ နိုင်သည်။ ပို့စ်မောက်က တန်းဆင်းဇုန်ထဲမှ လွတ်လာသည့်အသင်း ဖြစ်သည်။ ပွဲစဉ်(၃၁)မှ လက်ကျန်ပွဲတစ်ပွဲ ကစားရန်လည်း ကျန်သည်။ ချန်ပီယံလိဂ် ဝင်ခွင့်ရဖို့ အနေအထားတွင် မရှိ။ ဖူလ်ဟမ်းက ချန်ပီယံလိဂ် မျှော်လင့်ချက်ရှိသည်။ အဆင့်(၆) ဗီလာနှင့် သုံးမှတ်ပဲ ကွာသည်။ ဂိုးကွာဟချက် တူသည်။

ရှေ့ပွဲတွင် ပို့စ်မောက်က လက်စတာနှင့် ကစားရမည်။ ဖူလ်ဟမ်းက အာစင်နယ်နှင့် ကစားရမည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ ပို့စ်မောက်(–၉)၊ ဖူလ်ဟမ်း (+၅) ဖြစ်သည်။

ဝုဖ်လ်ဗာဟမ်တန်–အဲဗာတန်

အဆင့်(၂၀) ဝုဖ်လ်နှင့် အဆင့်(၁၅) အဲဗာတန် ကစားမည်။ ရမှတ်များမှာ ဝုဖ်လ် ၂၉၊ အဲဗာတန် ၃၉ ဖြစ်သည်။

ဘာမင်ဂမ်ကို သရေရအောင် ကန်သော ဝုဖ်လ် ခြေကောင်းသည်။ သို့သော် ဘာမင်ဂမ် ညံ့သည်။ ဘလက်ဘန်းနှင့်ပွဲ၌ အဲဗာတန် ညံ့သည်။ သုံးပွဲလောက် အဲဗာတန် ခြေမပေါ်ဘဲ ဖြစ်နေသည်။ အဲဗာတန် ခြေရည်က ဝုဖ်လ်ထက် ကောင်းသည်။ ကစားကွက်၊ လူအားသာသည်။

ဝုဖ်လ်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ အဲဗာတန် နှစ်ဂိုး–ဂိုးမရှိ နိုင်သည်။ အဲဗာတန်က တန်းဆင်းဇုန်နှင့် မလှမ်းကမ်းမှာရှိသည်။ အောက်တန်းဆင်းဖို့ ခုနစ်မှတ်လောက် ကွာနေသည်။ ဝုဖ်လ်က တန်းဆင်းဇုန်ထဲမှ အသင်း ဖြစ်သည်။ အောက်ဆုံးအသင်းဖြစ်သည်။ မထူးခြားသော ပွဲစဉ်ဖြစ်သည်။

ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ ဝုဖ်လ်(–၃၈)၊ အဲဗာတန်(–၆)ဖြစ်သည်။ ရှေ့ပွဲတွင် ဝုဖ်လ်က နယူးကာဆယ်နှင့် ကစားရမည်။ အဲဗာတန်က ဘော်လ်တန်နှင့် ကစားရမည်။

မေ ၂ ရက်
တနင်္ဂနွေနေ့
မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ကစားမည်

ဘော်လ်တန်–လိဒ်စ်

အဆင့်(၁၀) ဘော်လ်တန်နှင့် အဆင့်(၁၈) လိဒ်စ် ကစားမည်။ ရမှတ်များမှာ ဘော်လ်တန် ၄၇၊ လိဒ်စ် ၃၂ ဖြစ်သည်။

စိန့်ပွဲတွင် ဘော်လ်တန် ကောင်းသည်။ ယခုနောက်ပိုင်းတွင် ဘော်လ်တန် ပုံမှန်ခြေရနေသည်။ အာစင်နယ် ပွဲကတည်းက လိဒ်စ် ခြေပြန်တက်မလာတော့။ ကစားပုံကောင်းသော်လည်း ရှုံးနေသည်။ လိဒ်စ်က ခြေရည်ရှိသော အသင်း ဖြစ်သည်။ နှစ်သင်း ခြေညီကြသည်။

ဘော်လ်တန်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ ဘော်လ်တန် နှစ်ဂိုး–ဂိုးမရှိ နိုင်သည်။ ဘော်လ်တန်သည် အထက်မရောက် အောက်မရောက် အသင်းဖြစ်သည်။ လိဒ်စ်က တန်းဆင်းဇုန်ထဲမှ အသင်းဖြစ်သည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ ဘော်လ်တန်(–၁၀)၊ လိဒ်စ်(–၃၅)ဖြစ်သည်။ ရှေ့ပွဲတွင် ဘော်လ်တန်က အဲဗာတန်နှင့် ကစားရမည်။ လိဒ်စ်က ချာလ်တန်နှင့် ကစားရမည်။

အက်စတွန်ဗီလာ–စပါး(စ်)

မြန်မာစံတော်ချိန် ၈ နာရီခွဲတွင် ကစားမည်

အဆင့်(၆) ဗီလာနှင့် အဆင့်(၁၆) စပါး(စ်) ကစားမည်။ ရမှတ်များမှာ ဗီလာ ၅၂၊ စပါး(စ်) ၃၉ ဖြစ်သည်။

ငါးပွဲဆက်တိုက် ဗီလာရှုံးပွဲမရှိသေး။ စပါး(စ်)ခြေမပေါ်သည်မှာ ကြာပြီ။ နောက်ဆုံးပွဲများအရ ဗီလာခြေသာသည်။

ဗီလာကွင်းမှာ ကစားရမည်။ ပထမအကျော့၌ စပါး(စ်)က နှစ်–တစ်ဖြင့် နိုင်သည်။ လက်ရှိအနေအထားတွင် စပါး(စ်)သည် တန်းဆင်းဇုန်နှင့် မလွတ်တလွတ် ဖြစ်နေသည်။ ခုနစ်မှတ်လောက် ကွာနေသည်။ ဗီလာက အဆင့်(၆)မှ မကျအောင် ကစားမည့်အနေအထားရှိသည်။ ရှေ့တွင် စိန့်၊ မန်ယူနှင့် ကစားရမည်။ ယခုပွဲသည် ဗီလာအတွက် အမှတ်ရဖို့ ချောင်သည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ ဗီလာ(+၅)၊ စပါး(စ်) (–၈) ဖြစ်သည်။ ရှေ့ပွဲတွင် စပါး(စ်) ဘလက်ဘန်းနှင့် ကစားရမည်။

လီဗာပူး–မစ်ဒယ်ဘရော့

မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် ကစားမည်

အဆင့်(၅) လီဗာပူးနှင့် အဆင့်(၁၂) ဘိုရီ ကစားမည်။ ရမှတ်များမှာ လီဗာပူး ၅၃၊ ဘိုရီ ၄၅ ဖြစ်သည်။

မန်ယူနှင့်ပွဲတွင် လီဗာပူးကစားပုံ ညံ့သော်လည်း ပိုင်နယ်တီဖြင့်နိုင်သည်။ ဘိုရီကလည်း နှစ်ပွဲဆက်ရှုံးထားသည်။ ခြေရည်အရ လီဗာပူးသာသည်။ မစ်ဒယ်ဘရော့ တကယ်လိုက်ကစားမည်ဆိုလျှင် လီဗာပူးကို ယှဉ်နိုင်သည်။

လီဗာပူးကွင်းမှာ ကစားရမည်။ ပထမအကျော့၌ ဂိုးမရှိ သရေကျသည်။ နယူးကာဆယ်နှင့် လီဗာပူး အမှတ်တူနေသည်။ ဂိုးကွာဟချက်လည်း တူသည်။ သို့သော် နယူးကာဆယ်က လက်ကျန်ပွဲတစ်ပွဲ ကစားရဦးမည်။ နောက်မှ တစ်မှတ်အကွာဖြင့် လိုက်နေသော ဗီလာကို ကြည့်ရမည်။ မစ်ဒယ်ဘရော့က အထက်မရောက်၊ အောက်မရောက် အသင်းဖြစ်သည်။

ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ လီဗာပူး (+၁၃)၊ ဘိုရီ(–၁) ဖြစ်သည်။ ရှေ့ပွဲတွင် လီဗာပူးက ဘာမင်ဂမ်နှင့် ကစားရမည်။ ဘိုရီက မန်စီးတီးနှင့် ကစားရမည်။

မိုးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်လုပ်ငန်းသင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် မေ ၂၈

ဘဏ်များကြီးကြပ်ရေးကော်မတီ၏ အထွေထွေ ဘဏ်လုပ်ငန်း သင်တန်း(အရာရှိအဆင့်)အမှတ်စဉ် (၃)ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ ဘဏ်များအသင်း နာယက၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ်များကြီးကြပ်ရေး ကော်မတီဝင်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘဏ်များ အသင်းအမှုဆောင်များ၊ဧည့်သည်များ၊ သင်တန်းဆရာ၊ ဆရာမများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေတို့က အမှာစကားပြောကြားကြသည်။ အထွေထွေဘဏ်လုပ်ငန်း သင်တန်း (အရာရှိအဆင့်)ကိုဇွန် ၂၅ရက်အထိ နှစ်လကြာသင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ စုစုပေါင်း သင်တန်းသား၄၉ဦးတို့တက်ရောက်ကြသည်။

(သတင်းစဉ်)

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ကချင်ပြည်နယ်၊ ဗန်းမော်မြို့အလယ်ရပ်နေ (ဦးဘသီ–ဒေါ်လှပွင့်၊ ရွှေဥဒေါင်းစတိုး)၊
(ဗန်းမော်–မန္တလေး သင်္ဘောကုန်သည် ဦးတိုးကြွယ်–ဒေါ်တင်ဦး) တို့၏မြေး၊
(ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်–ဒုတိယမော်ကွန်းတိုက်မှူး၊ စစ်သမိုင်းပြတိုက်နှင့်
တပ်မတော်မော်ကွန်းတိုက်)–ဒေါ်ခင်ကြွယ်ဦး(ပါမောက္ခ၊ မြန်မာစာဌာန၊
ယဉ်ကျေးမှုတက္ကသိုလ်–ရန်ကုန်)တို့၏ သားငယ်

ဗိုလ်ဘုန်းမြတ်သူ B.Sc (Physics) (D.S.A)

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးဝင်းတင်(ငြိမ်း) (စာတည်းမှူးချုပ်၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)–ဒေါ်ခင်ခင်ဌေးတို့၏ သမီးလတ်

မစုမွန်သီဟအောင် (B. Com)

တို့၏ ၂၀–၄–၂၀၀၄ရက် (အင်္ဂါနေ့) မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ် ဦးအေးမောင်အားလည်းကောင်း၊ ၂၄–၄–၂၀၀၄ ရက်(စနေနေ့)တွင် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ် ဆွမ်းစားဆောင်၌ကျင်းပသည့် မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၂၅–၄–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် လမ်းမတော်မြို့နယ် Doreen၌ ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်၍ ဝိုင်းဝန်းကူညီခဲ့ကြသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့်ဇနီး ဒေါ်အေးပြည့်ဝေခင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဇနီးဒေါ်သဇင်နွယ်၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဇနီးဒေါ်အေးအေး၊ ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်သူနှင့် ဇနီးဒေါ်အေးအေးရီ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်စိန်ရ(ငြိမ်း)၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ပါမောက္ခချုပ်များနှင့်ဇနီးများ၊ ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်များ၊ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ အပေါင်းအသင်းရောင်းရင်း မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ မေတ္တာဖြင့် ပန်းအလှုဆင်ပေးသော ယဉ်ကျေးမှုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား)ဒေါ်ခင်လှဌေးနှင့် ကထိကဒေါ်ခင်ဆွေမြင့်(ငြိမ်း)၊ မိတ်ကပ်နှင့် ဆံပင် အလှဖန်တီးရှင် ခင်စန်းဝင်း၊ မေတ္တာဖြင့် မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ရွှေအင်းသားခင်မောင်ဝင်းနှင့် အဖွဲ့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မိုးကုတ်ဆွမ်းစားဆောင်မိသားစု၊ Doreenမိသားစုနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဘုန်းမြတ်သူ–မစုမွန်သီဟအောင်။

ကျောက်မျက်ပြပွဲတက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၈

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မေ ၂၈ရက်မှ မေ၂ရက်အထိ ကျင်းပမည့် Malaysia Jewellery & Watch ပြပွဲသို့ တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင် ခေါင်းဆောင်၍ အဖွဲ့ဝင် ၅၇ဦးတို့ပါဝင်သည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ အဖွဲ့သည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အပေါ်ပုံ)

(သတင်းစဉ်)





လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝင်္ကဘာလမ်းသွယ်၊ အမှတ်(၉)နေ
ဦးသိန်းဝင်း–ဒေါ်ခင်အေးပွင့်တို့၏သား

မောင်ကျော်ဖြိုးဝင်း

B.S.(Computer Science)
Arizona State University

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ ရိုးမရိပ်သာ၊
အမှတ်(၆၃၅ D1) နေ
ဦးစိုင်းကမ်မွေ–ဒေါ်နန်းစံတစ်ပ်တို့၏သမီး

မနန်းစံဖောင်းမွေ

Junior (Electrical Engineering)
Arizona State University

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီမှုအရ အမေရိကန်နိုင်ငံ၊ LA, Norwalkတရားရုံးတွင် လက်မှတ်ရေးထိုး၍၁၀–၁–၂၀၀၄ရက်နေ့တွင် အလိုတော်ပြည့် ဓမ္မရိပ်သာ (Arizona)၌ မင်္ဂလာဦးဆွမ်းကျွေးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဖြိုးဝင်း–မနန်းစံဖောင်းမွေ။

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၆)ဖြန့်ချိ

ရန်ကုန် မေ ၂၈

နိုင်ငံခြားငွေယိုပေါက် ပိတ်နိုင်ဖွယ် မြန်မာ့ပထမပိုဗိုလန်စက်ရုံ လည်ပတ်တော့မည်၊ ကညနရုံးသို့ လူကိုယ်တိုင် သွားစရာမလိုဘဲ အွန်လိုင်းဖြင့် ကားလိုင်စင်ကိစ္စ လုပ်နိုင်တော့မည်၊ ဗန်ကောက်အဲယားဝေး ရန်ကုန်–ဗန်ကောက် နေ့စဉ်ပျံသန်းမည်၊ ကမ်းလွန်သဘာဝဓာတ်ငွေ့အတွက် ဒေဝူးက လာမည့်နှစ်တွင် ဒေါ်လာ ၅၄သန်း စတင်ရင်းနှီး စသည့် ပြည်တွင်းရေးရာ ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ခွဲစိတ်မှုအပြီး ကတ်ကြေးတစ်လက် ဝမ်းခေါင်းထဲ၌ ကျန်ရစ်နေခဲ့၊ ဆိုနီကုမ္ပဏီစက္ကူဒီဗီဒီဖန်တီးနိုင်ပြီ၊ မန်ယူဘောလုံးကလပ် တရုတ်တွင် ဈေးကွက်တင်၊ ယန္တရားကို စက်နှိုး၊ ဆေးလိပ်ကနှလုံးအဆုတ်သာမက ဦးနှောက်ကိုပါထိခိုက် စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း – ၇၀၃၈၀၃၇က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ (က–ပ)



VeVe® နှင့် ကျားခေါင်းဘီလပ်မြေ မှ

ကျေးဇူးတင်ရှိကြောင်း နှင့် သတင်းလက်ဆောင်

မန္တလေးမဟာသင်္ကြန်တွင် VeVe® သင်္ကြန်မဏ္ဍပ်ကို IC (သူရဲကောင်းလေးများတေးဂီတ)ဖြင့် ဧည့်ခံဖျော်ဖြေခဲ့ရာ အဘက်ဘက် မှ ဝိုင်းဝန်းကူညီကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ မိတ်ဆွေ သင်္ဂဟ အပေါင်းနှင့် လာရောက်အားပေးကြသော ရပ်နီး ရပ်ဝေးမှ ကုန်သည်များအား အထူးပင်ကျေးဇူး တင်ရှိပါကြောင်း VeVe® မှ ပြောကြားအပ်ပါသည်။

နှစ်သစ်ကူး အထူးကြော်ငြာအရောင်း အနေနှင့် သွင်းကုန်အစားထိုး WHALE (TIN) သံဗူးအားဖြည့်အချိုရည်နှင့် VeVe® မလိုင်နို့ခဲ (၅၀)လုံးပါ တစ်ထုပ်လျှင် (၁၅၀)ကျပ် အသီးသီးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တစ်ထုပ် ၁၅၀ ကျပ်

တစ်ဘူး ၁၅၀ ကျပ်

ကျားခေါင်းဘီလပ်မြေကိုလည်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိပါသည်။
အထူးအရောင်းကာလသတ်မှတ်ချက်ကို ထပ်မံကြေညာပေးမည်။

အားပေးကြသော မိဘပြည်သူအပေါင်းနှင့် ကုန်သည်ကြီးများကို အထူးကျေးဇူးတင်လျက်...

VeVe® နှင့် ကျားခေါင်းဘီလပ်မြေ မိသားစု (ဖုန်း-၅၄၂၄၈၀ ၊ ၅၄၃၂၄၄ ၊ ၅၅၇၁၃၁)

EFFECTIVE PRESENTATION SKILLS

ထိရောက်စွာ တင်ဆက်ပြောဆိုမှု သင်တန်း

သင်တန်းကာလ၊ သင်တန်းချိန် နှင့် သင်တန်းစမည့်ရက်

၃ လ (Thur & Fri 7:00-8:45 a.m.) 29/4/04

အသေးစိတ်သိလိုပါက MENTOR BMC

Business & Management School

ဖုန်း ၂၉၁၃၅၈ သို့ဆက်သွယ်ပါ။

Note Book Computer ... King Don Computer Center

"King Don Computer Center" No. 35, 5th Street (Lower), Lanmadaw Tsp. Ph: 222948.

ခရုသင်း(၆)မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်း(၆)မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်(၇)မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဝေဒနာရှင်များကို သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နနွင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်

သမားတော်ကြီးဦးကျော်ဟိုး

အမှတ်(၃၇/၂)၊ ဇင်ယော်လမ်း၊ (၁၄)ရပ်ကွက်၊ မြင်သာအိမ်ရာ-၂၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(၆က/၃၂၅၇)မော်တော်ယာဉ်လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများသည် (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး(သရက်)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန(သရက်)။

B.Sc (D.S.A), M.Sc (Physics) Final Part I နှင့်

Final Part I (Sr), IM-II

ဖခင်အမည်မှန်

အလက (၁) ရန်ကင်း၊ TTC သတ္တမတန်း(ဂ)မှ မောင်တင်အောင် ဖော်၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင်ထူး ဖြစ်ပါသည်။

MT&K Tourism Co., Ltd

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

တောင်ငူမြို့၊ ကျုံးရိုးတန်းလမ်း၊ အမှတ် (၄၀)နေ
(ဦးလှမောင်)-(ဒေါ်ခင်မြ)တို့၏ သားထွေး
ဗိုလ်ကြီးစိန်ဝင်း B.Sc°(Chemistry)
တပ်မတော် (ရေ)
နှင့်
ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် (၂၈၄-၂၈၆)၊ အခန်း(3F-4)နေ
ဦးဝင်းမြင့်-ဒေါ်ခင်မြင့်မြင့် (ခ) ဒေါ်နှောင်းတို့၏သမီးဦး
မသက်စုမြင့်(ခ)စုစု B.Sc°(Botany)

တို့၏ ၂၄-၄-၂၀၀၄ရက် Yuzana Garden Hotel၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးသော ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့်ဇနီး ဒေါ်အေးအေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် ဇနီး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့် ဇနီး ဒေါ်ခင်သီတာဦး၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ ၂၂-၄-၂၀၀၄ ရက်နေ့ နံနက်ပိုင်းတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး လက်ထပ်ပေးသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး၊ ၂၄-၄-၂၀၀၄ ရက်နေ့ နံနက်ပိုင်း တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ကြွရောက်ချီးမြှင့်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင် ပန်းအလှပြင်ပေးသော မိတ်ကပ်ကိုမာ၊ သီဂီရွှေဝါပိုးထည်တိုက်၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မိုးကုတ်ပေါက်ပေါက်နှင့် မတင်တင်ခိုင်အားလည်းကောင်း၊ သတို့သားအရံ ဗိုလ်ကြီးကျော်ကျော်ဝင်းနှင့် ဗိုလ်ကြီးကျော်ကျော်လင်း၊ သတို့သမီးအရံ မဝင်းလဲ့လဲ့ဝင်းနှင့် မဝင်းသီရိဝင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မမေစိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မသဇင်မြင့်တို့အားလည်းကောင်း၊ ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော ဦးကျော်မိုးလွင်၊ ဓာတ်ပုံတက္ကသိုလ် ဦးစိန်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလည်းကောင်း၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် ဗိုလ်ကြီးစိန်ဝင်း-မသက်စုမြင့်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊
မေတ္တာလမ်း၊ အမှတ်(၃၆)နေ
(ဦးအုန်းသန်း)(လေကြောင်းထိန်းသိမ်းရေးအရာရှိ-ဒု)-
ဒေါ်ရှုကြွယ်တို့၏သား
ဗိုလ်ကြီးကျော်လင်းထွေး B.A(History)တေ(၂၅)
နှင့်
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂(က)စံပြရပ်ကွက်၊
သပြေလမ်း၊ အမှတ်(၆)နေ
ဒုအရာခံဗိုလ်အောင်ပန်-ဒေါ်ဆွေဆွေမြင့်တို့၏သမီး
မသန္တာအောင် B.Sc(Maths)Q(Credit)
M.Sc(Engineering Maths Final Part II)Y.U

တို့အား ၂၂-၄-၂၀၀၄ရက်နေ့၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းတရားသူကြီး ဦးဉာဏ်ဝင်း၊ ၂၅-၄-၂၀၀၄ရက်နေ့ I.B.C၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဇနီး ဒေါ်ခင်မြချစ်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ခင်အောင်နှင့်ဇနီး ဒေါ်ကြည်သင်းမေ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သက်ငွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းထွန်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝေ၊ ဗိုလ်မှူးချုပ်ကျော်ဟန်နှင့်ဇနီး ဒေါ်ယဉ်ယဉ်နွယ်၊ ဗိုလ်မှူးချုပ် ကျော်သိန်းနှင့်ဇနီး ဒေါ်ယုဇန၊ စစ်ဘက်နယ်ဘက်မှ ဧည့်သည်များ၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးသော မရူပါထွေးအောင်နိုင်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဇန်းကိုင်ဆောင်ပေးသော မနှင်းအိအိဝင်း၊ သတို့သားအရံ ဗိုလ်လှိုင်မင်းထွန်း၊ သတို့သမီးအရံ မသက်နှင်းအောင်၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင် ကိုအုန်းသွင် (ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံတက္ကသိုလ် စိန်ဝင်း၊ ဗီဒီယိုမှတ်တမ်းတင် Sky Blueကိုမြင့်သန်းနှင့်အဖွဲ့၊ I.B.C အဖွဲ့သားများနှင့် အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသော သူငယ်ချင်းမိတ်ဆွေအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကျော်လင်းထွေး-မသန္တာအောင်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ ၄-၅-၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ်(၁)(၂)

၁။ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း(ဓာတ်ငွေ့ဂဟေဆက်၊ အဆင့်မြင့် TIG နှင့် MIG ဂဟေဆက်)
၂။ အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း။
၃။ တွင်ခုံ/ဖောက်ခုံသင်တန်း။
၄။ ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း။

တည်နေရာ - ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်။ (မဟာဗန္ဓုလတံတားအနီး)
တယ်လီဖုန်း - ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၇၂၆၅၇၂ (ရုံးချိန်အတွင်းသာ)

"အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်"
Must, All Adults, Be Able to Drive

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုသင်တန်းဖွင့်မည်

S.M.H International Education and Language Centre မှ Basic Four Skills (BFS) အခြေခံအင်္ဂလိပ်စာသင်တန်းများကိုလည်းကောင်း၊ Pre- Intermediate English Course (PIEC) သင်တန်းများကိုလည်းကောင်း၊ Intermediate English Course (IEC) သင်တန်းများကို ခေတ်မီစာသင်ခန်းမသစ်ကြီးတွင် တစ်တန်းလျှင် သင်တန်းသား (၂၀)ဦးသာ လက်ခံ၍ ထိရောက်သော စနစ်များ အသုံးပြုသင်ကြားပေးမည်ဖြစ်ပါသည်။

အထက်ပါသင်တန်းများအပြင် နိုင်ငံတကာ အင်္ဂလိပ်စာစာမေးပွဲများဖြစ်သော I.E.L.T.S, T.O.E.F.L နှင့် F.C.E တို့ကိုလည်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက ဆရာ Prin Chan အမှတ်-၁၆၇/၁၇၃၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ဆိပ်ကမ်းသာရိပ်မွန်၊ A-4၊ ရန်ကုန်၊ ဖုန်း-၃၇၉၇၁၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

MCC & JAVA Professional သင်တန်းများ

Professional Java Programmer Course
-Java Fundamentals
-Thread
-AWT & Swing
-Applet & JAVA Security
-Collection API
-Java I/O
-RMI & Socket Programming
-JDBC

Professional Enterprise Java Developer Course
-J2EE Framework
-N-Tier Application Architecture
-Servlet & JSP
-Enterprise JAVA Beans (EJB)
-JAVA Message Service (JMS)
-JDBC -XML
-UML & Design Patterns
-Oracle 9i Application Server

50% Off

Sun Certified Enterprise Architect

လီလီ Li Li Li

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း
ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ
အဝယ်တင်ဒါ (၂/၂၀၀၄-၂၀၀၅)
ပစ္စည်းများဝယ်ယူလိုခြင်း

၁။ ဤစက်ရုံတွင် အောက်ဖော်ပြပါလုပ်ငန်းအတွက် ပစ္စည်းများဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

Renovation of Water Supply – ဆိုင်ရာပစ္စည်းများ

၂။ **တင်ဒါပေးသွင်းရမည့်နေရာ** – ဤစက်ရုံစီမံရေးဌာန

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** – ၄-၅-၂၀၀၄ (အင်္ဂါနေ့) (၁၂:၃၀)နာရီ

မှတ်ချက်။ ။အသေးစိတ်အကြောင်းအရာများကို ဤစက်ရုံစီမံရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စောင်လျှင် (၅၀၀၀ိ/)ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။
ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၅၃-၂၄၇၀၀၊ ၀၅၃-၂၄၀၄၈။

စက်ရုံမှူး။



တရားမဝင်အသိအမှတ်မပြုကြောင်းကြေညာခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်သက်လင်းဝင်း(ခ) SONNY [၁၂/မရက(နိုင်)၁၂၆၄၉၅]သည် မိဘများသဘောတူညီမှုမရှိဘဲ တစ်ဖက်သတ်ပြုလုပ်မှုများအပေါ် တရားမဝင်အသိအမှတ်မပြုပါကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးထွန်းဦး-မိခင်-ဒေါ်သီတာဝင်း။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်သက်လင်းဝင်း(ခ) SONNY [၁၂/မရက(နိုင်)၁၂၆၄၉၅]သည် မိမိဆန္ဒအလျောက် တစ်ဖက်သက်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးထွန်းဦး – မိခင်-ဒေါ်သီတာဝင်း
[၁၂/ဗဟန(နိုင်)၀၇၄၆၂၄] [၁၂/ဗဟန(နိုင်)၀၇၄၆၂၅]

တိုက်ခန်းရောင်းမည်

၁၃' X ၅၀' ၊ ဖလွှာ ထပ်ခိုးပါ
ရေ၊ မီး ကိုယ်ပိုင်
အရှေ့လှည့်၊ ပြင်ဆင်ပြီး။
၉၃ လမ်း၊ ကန်တော်လေး
ဖုန်း-၂၄၉၁၀၇။

ပရမတ္ထအလင်းပြ (ဥက္ကဋ္ဌ) ဆရာကြီး ဆရာသင်၏မြေး ၊ သမားတော်ကြီး ဦးသန်းလှိုင်နှင့် ဆရာမကြီး ဒေါ်သိန်းမြိုင်(ဒ-ဘ-န)၏သမီး ၊ ဆရာမ ဒေါ်မိမိသက် (ဒ-ဘ-ဗ-ဝ) ထုတ်လုပ်သော

အပူများနေသူတွေအတွက်

ပန်းဝတ်မှုန် အပူငြိမ်းဆေး

စားကောင်း၊ အိပ်ပျော်၊ အမူးအမောပြေစေ၍ အသားအရေပူခြင်း၊ ခေါင်းကိုက်ခြင်း၊ ပါးစပ်နံခြင်း၊ ချွေးထွက်လွန်ခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၁၀၄ ဗိုင် ၅၀၉၄ • ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁/၂၀၀၂၊ တဆထလ (၁၀၅၈)

ပင်ရင်း • ဆရာမ ဒေါ်မိမိသက်

အမှတ်(၄၄)၊ ဓမ္မာရာဇာ(၂)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ။ ☎ ၇၁၀၀၆၁၊ ၀၉-၈၀၃၂၆၆၀

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ဓနိတောရှိ မီးထိုးဆီပျက် အဆင့်ချ ရေနံချေး (၁၇၈၃၂)ဂါလန် (ပီပါခွံအပါအဝင်)အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းပုံစံရောင်းချမည့်-
(က) **နေ့ရက်** - ၄-၅-၂၀၀၄
(ခ) **နေရာ** - ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ဓနိတော၊ အထွေထွေမန်နေဂျာရုံး
(ဂ) **တင်ဒါတစ်စောင်ဈေးနှုန်း** -၅၀၀၀ိ/-(ကျပ်ငါးထောင်)
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၄:၀၀)နာရီ

၃။တင်ဒါတင်သွင်းသူသည် တင်ဒါဆွဲယူခွင့် စပေါ်ငွေ(၅၀၀၀၀ိ/-) (ကျပ်ငါးသိန်းတိတိ)ကို ငွေသားဖြင့် ပေးသွင်းရမည်။

၄။ ဝယ်ယူခွင့်ရရှိပြီးပါက (၇)ရက်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

ချိပ်ပိတ်တင်ဒါရောင်းချရေးကော်မတီ
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ဓနိတော။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Shin Hwa Trading Co., Ltd.၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (အမှတ်-၄၄၄) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပါရန်။

New Aye Yar Hotel
170/176, Bo Aung Kyaw St, Yangon.
Ph: 256938. 095007385.

သတိပေးကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အိုလံပစ်တာဝါ(၂)၊ အာရှဓနဘဏ်လီမိတက် (ရုံးချုပ်) ကတ်ဌာနမန်နေဂျာ ဦးစန်းတင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

အာရှဓနဘဏ်လီမိတက် ကတ်ဌာနတွင် (Credit Card)သုံးစွဲခွင့်လျှောက်ထားပြီး သုံးစွဲခဲ့ရာ ဘဏ်သို့ပြန်လည်ပေးဆပ်ရန် ကျန်ရှိသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သိစေအပ်ပါသည်။

စဉ်	အမည်	မှတ်ပုံတင်နံပါတ်	နေရပ်လိပ်စာ	လုပ်ငန်း
၁။	ဒေါ်ခင်နှင်းသက်	[၁၂/ဗဟန(နိုင်) ၀၄၅၈၇၃]	အမှတ်(၃၃၃)၊ အခန်း(၂)၊ (၅)ရပ်ကွက်၊ ရန်ကင်း (အနောက်) ရန်ကုန်။	Myanmar Smile Land Travel&Tour(Director)
၂။	ဦးလွင်ထွန်း	[၁၂/ဗဟန(နိုင်) ၀၀၀၄၁၃]	အမှတ်(၄၄)၊ အခန်း(၁၀၂)၊ ပိတောက်ရွှေဝါလမ်း၊ကျန်စစ်သားအိမ်ရာ၊လှိုင်သာယာမြို့နယ်၊ရန်ကုန်။	Summit Park View (F & B Supervisor)
၃။	ဒေါ်တင်တင်လှိုင်	[၁၂/မဂဒ(နိုင်) ၀၃၆၉၁၅]	အမှတ်(၁၀၀၈)ဘီ၊ ၁၀-ထပ်၊ ယုဇနတာဝါ ရွှေဂုံတိုင်၊ဗဟန်းမြို့နယ်။	RoyalPrincess Co;(MD)
၄။	ဒေါ်နန္ဒာဝင်း	[၁၂/ဗဟန(နိုင်) ၀၈၂၉၁၄]	အထက်ပန်းဆိုးတန်းလမ်း (အောင်ဆန်းကွင်းအရှေ့ဘက်တန်း)။	Time Printing Centre (Director)
၅။	ဒေါ်သီတာချစ်ဆိုင်	[၁၂/ပတထ(နိုင်) ၀၁၁၇၁၁]	အမှတ်(၂၀)၊ ၁၂-လမ်း၊ လမ်းမတော်မြို့နယ်။	Wontoll Company Ltd; (Director)
၆။	ဒေါ်လတ်လတ်သိန်း	[၁၂/တမန(နိုင်) ၀၀၅၉၈၅]	အခန်း(၁၀၁)၊ ဒီ-၂၊ Delta Plaza၊ ဗဟန်းမြို့နယ်။	Super Lucky Joss-stick (Owner)
၇။	ဦးအေးဝင်း	(LPN-၁၃၀၀၂၇)	အမှတ်(၆၀၂)၊ ကံ့ကော်လမ်း၊ ၄၁-ရပ်ကွက်၊ မြောက်ဒဂုံ	Pansea Hotel (Supervisor)
၈။	ဦးဇော်ဌေး	[၁၂/ပဘတ(နိုင်) ၀၀၈၈၉၁]	အမှတ်(၄၄၄)၊ အခန်း(၁၆)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်	Seven Mountain Co., Ltd; (MD)
၉။	ဦးနိုင်မျိုးလွင်	[၁၂/ရကန(နိုင်) ၀၀၀၄၄၂]	အမှတ်(၃၀)ဘီ၊ အခန်း(၇)အေ၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်	Business Consultancy &Coordination Service Co.,Ltd; (MD)
၁၀။	ဦးဇော်မြင့်လှိုင်	[၁၂/လမန(နိုင်) ၁၀၇၈၀၆]	အမှတ်(၃၅)၊ သီရိမင်္ဂလာလမ်း၊ ကုန်မြင့်သာရိပ်သာ၊ မရမ်းကုန်းမြို့နယ်၊(off;)136,36 st;KTD Tsp;	AimsMyanmar Co;Ltd; (Director)
၁၁။	ဦးဝင်းကျော်ထူး	[၁၂/ဗဟန(နိုင်) ၀၈၄၄၆၇]	အမှတ်(၉)ဒီ၊ ဗိုလ်ချုပ်လမ်း၊ ဗဟန်းမြို့နယ်	Hub Marine Pte;Ltd; (2nd Officer)
၁၂။	ဦးစိုးအောင်	[၁၂/လမန(နိုင်) ၀၁၇၇၃၈]	အမှတ်(၂၁)၊ ဓမ္မာရုံ(၁)လမ်း၊ ခြောက်မိုင်ခွဲ၊ လှိုင်မြို့နယ်	Myat Won Yeik Studio (Director)

ဖော်ပြပါပုဂ္ဂိုလ်တို့သည် ကတ်လျှောက်ထားရာ၌ အာရှဓနဘဏ်လီမိတက်နှင့် ကတ်လျှောက်ထားသူတို့သည် ဘဏ်မှခွင့်ပြုငွေပမာဏထက် ကျော်လွန်၍သုံးစွဲခွင့်မရှိကြောင်း၊ လစဉ်သုံးစွဲငွေကို လကုန်ရက်တွင် ဘဏ်ရှိမိမိ၏စာရင်းမှ ခုနှိမ်သွားမည်ဖြစ်ကြောင်း၊ ၎င်းလကုန်ရက်တွင် ငွေလုံလောက်မှုမရှိပါက နောက်လ(၁၅)ရက်အတွင်း ပေးချေမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသောငွေပမာဏထက် ကျော်လွန်သုံးစွဲပါက ၎င်းငွေကို (၇)ရက်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း ဝန်ခံသဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။

အထက်ဖော်ပြပါပုဂ္ဂိုလ်တို့သည် ဘဏ်မှသတ်မှတ်ခွင့်ပြုငွေထက် ပိုမိုသုံးစွဲပြီး သတ်မှတ်ကာလထက် ကျော်လွန်သော်လည်း လာရောက်ပေးဆပ်ခြင်းမရှိသဖြင့် အာရှဓနဘဏ်လီမိတက်(ရုံးချုပ်)ကတ်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များသည် လူကိုယ်တိုင်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ သုံးစွဲငွေများ ပြေကျေစွာပေးဆပ်ရန် အကြိမ်ကြိမ်အကြောင်းကြား သတိပေးခဲ့ပါသည်။ သို့သော် အထက်ဖော်ပြပါပုဂ္ဂိုလ်တို့သည် ဘဏ်သို့ငွေများပြေကျေစွာ ပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်နေကြပါသည်။

သို့ပါ၍ အထက်ပါပုဂ္ဂိုလ်များသည် အာရှဓနဘဏ်လီမိတက်(ရုံးချုပ်) ကတ်ဌာနသို့ ၃၀-၄-၂၀၀၄နေ့ နောက်ဆုံးထား၍ သုံးစွဲသည့်ငွေများလာရောက်ပေးဆပ်ရန် အကြောင်းကြားသိစေအပ်ပါသည်။

အကယ်၍လူကြီးမင်းတို့သည် ကျွန်ုပ်၏တိုက်တွန်းနှိုးဆော်အကြောင်းကြားခြင်းကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လူကြီးမင်းတို့သည် ပဋိညာဉ်သဘောတူညီချက်များကို ချိုးဖောက်နေကြသဖြင့် တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်မြို့
၂၀၀၄ခုနှစ်၊ မတ်လ(၃၀)ရက်

ရာစိုး
တရားလိုအကျိုးဆောင်
တရားရုံးချုပ်ရှေ့နေအမှတ်-၁၁၈၄။

ပြည်ထောင်စုမြန်မာနိုင်ငံတော် စာရင်းစစ်ချုပ်ရုံး

လျှောက်လွှာခေါ်ယူခြင်း

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဧပြီလ(၂၈)ရက်။

၁။ စာရင်းစစ်ချုပ်ရုံးနှင့်ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်စာရင်းရုံးအသီးသီးတွင် လစာနှုန်းကျပ်၄၈၀၀–၁၀၀–၅၃၀၀ရရှိသော စာရင်းစစ်ရာထူးနေရာများ အတွက် လျှောက်လွှာများခေါ်ယူပါသည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) စီးပွားရေးတက္ကသိုလ်များမှ ပေးအပ်သည့် Bechlor of Commerce (သို့)Bechlor of Accounting (သို့)မြန်မာနိုင်ငံစာရင်းကောင်စီက ပေးအပ်သည့် Diploma in Accountancyဘွဲ့/လက်မှတ်ရရှိသူဖြစ်ရမည်။

(ဂ) ၂၀၀၄ခုနှစ် မတ်လ၃၁ရက်နေ့တွင် ဝန်ထမ်းမဟုတ်ပါက အသက်၃၀ နှစ်ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက ၃၅နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဃ) မိမိလျှောက်ထားချက်အရ ခန့်အပ်ခံရသည့်ရုံးတွင် အနည်းဆုံး(၅)နှစ် မပြောင်းမရွှေ့တာဝန်ထမ်းဆောင်နိုင်ကြောင်း ခံဝန်ချက် ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံများကို စာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ(ဝန်ထမ်း–၁)ဌာနစုနှင့် ပြည်နယ်/တိုင်းစာရင်းရုံးများတွင် ဝယ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်။

(က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

(ဂ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ပြည်သူ့ရဲစခန်း၏ ထောက်ခံစာမူရင်း၊

(ဃ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံစာမူရင်း၊

(င) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံစာမူရင်း၊

(စ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(ဝန်ထမ်းမဟုတ်သူများ)၊

၅။ ဦးစားပေးအစီအစဉ်အရ ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်စာရင်းရုံးသို့ လျှောက်ထားသူများသည် လျှောက်လွှာများကို သက်ဆိုင်ရာပြည်နယ်/တိုင်းစာရင်းစစ်အရာရှိထံ လိပ်မူ၍ ၁၄–၅–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ ထိုသို့ လျှောက်ထားသူများအား လူတွေ့စစ်ဆေးမှုကို ပြည်နယ်/တိုင်းစာရင်းရုံးများတွင် ပြုလုပ်မည်ဖြစ်သည်။ စာရင်းစစ်ချုပ်ရုံးသို့ လျှောက်ထားသူများသည် လျှောက်လွှာများကို စာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ (ဝန်ထမ်း–၁)ဌာနစုသို့ ၁၄–၅–၂၀၀၄နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ ထိုသို့ လျှောက်ထားသူများအား လူတွေ့စစ်ဆေးမှုကို စာရင်းစစ်ချုပ်ရုံးတွင် ပြုလုပ်မည်ဖြစ်သည်။

၆။ ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပေးပို့ရန်ဖြစ်ပြီး လျှောက်လွှာတစ်စောင်ကို ကြိုတင်မိတ္တူဟု ရေးသားပေးပို့နိုင်ပါသည်။

မှတ်ချက်။ ။ ပြည်နယ်နှင့်တိုင်းအချို့ရှိ စာရင်းရုံး၁၀ရုံးတွင် ဒေသခံအခြားဘွဲ့ရများအား စိစစ်ခန့်ထားရန် သီးခြားအစီအစဉ်ရှိပါသည်။ ဆိုင်ရာပြည်နယ်/ တိုင်းစာရင်းရုံးများတွင် စုံစမ်းနိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေစိုး

ဦးဆောင်ညွှန်ကြားရေးမှူး
(သမဝါယမပို့ကုန်သွင်းကုန်ဌာန)

ဦးခင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီး ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ်သည် ၂၀–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

B.D.S (10 / E) သင်တန်းသားများ
နိုင်ငံခြားရေးဝန်ကြီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

C.P.Aများ၏ ဆရာ၊ ဆရာ ဦးမော်သန်း(ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ငြိမ်း)၏ ဇနီး ဒေါ်သန်းသန်းအေး(ခ) မာလွင် C.P.Aသည် ၂၀–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တပည့် မအေးသီတာ C.P.A (ငွေအဥ္စလီစာရင်းစစ်အဖွဲ့)
အမှတ်(၁၀၅)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။

ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ သီရိမာလာလမ်းသွယ်၊ ၇မိုင်ခွဲ၊ ပြည်လမ်း၊ အိမ်အမှတ်၅၆(F)နေ ကွယ်လွန်သူ ဒေါ်ခင်ကြည်(၈၄)နှစ်၊ (အငြိမ်းစား) အကြီးတန်းလက်ထောက် အုပ်ချုပ်ရေးမှူး၊ ကုလသမဂ္ဂပြန်ကြားရေးဌာန၏ ဈာပနတွင် အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော မွေး/ရေဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာနနှင့် ဦးစီးဌာနလုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများ၊ Myanmar Seafood Co.,Ltd.၊ အပြည်ပြည်ဆိုင်ရာ တနင်္သာရီရေလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအသီးသီးမှ မိတ်ဆွေများ၊ ဝမ်းနည်းကြောင်းသတင်း ပေးပို့သော ကုလသမဂ္ဂပြန်ကြားရေးဌာန၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဖြူးမြို့၊ ရုံးရပ်ကွက်၊ (၃)လမ်းနေ ကျွန်မ ဒေါ်တန်ကျင်တို၏ သမီး မမြင့်မြင့်ထွေးသည် အုပ်ထိန်းသူ လူကြီးများ၏စကားကို နားမထောင်ဘဲ မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနေအိမ်မှဆင်းသွားသော ၂၈–၃–၂၀၀၄နေ့မှစ၍ မွေးစားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအတွက် လုံးဝတာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တန်ကျင်တို [၇/ဖမန(ပြု) ၀၀၀၀၀၉]
(၃)လမ်း၊ ရုံးရပ်ကွက်၊ ဖြူးမြို့။

ဆိုင်းအမည်ပြောင်းလဲခြင်း

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Human Resource Manager** ကျား၊ မ (၁) ဦး
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။

၂။ **Senior Accountant** မ (၁) ဦး
B.Com(CPA)(သို့)D.A အောင်မြင်ပြီးသူဖြစ်ရမည်။

၃။ **Junior Accountant** မ (၁) ဦး
LCCI Level (III) အောင်မြင်ပြီးသူဖြစ်ရမည်။

၄။ **Secretary** (၁) ဦး
ဘွဲ့တစ်ခုခုရရှိပြီး သက်ဆိုင်ရာအတွေ့အကြုံလုပ်သက်အနည်းဆုံး (၃)နှစ်ရှိရမည်။

၅။ **Site Engineer** ကျား၊ မ (၁) ဦး
B.E/A.G.T.I (Civil) အောင်မြင်ပြီး
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။

၆။ **Technical Co-Ordinator/ Project Engineer**
B.E/A.G.T.I (Civil) ကျား၊ မ (၂) ဦး
ဆောက်လုပ်ရေးပစ္စည်းအရောင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတာဝန်ယူနိုင်သူဖြစ်ရမည်။

၇။ **Operation Staff(cum)** ကျား၊ မ (၂) ဦး
Computer Operator

၈။ **Driver** ကျား (၂) ဦး
အိမ်ကားနှင့်(၂)တန်အထက်ကားကြီးကျွမ်းကျင်စွာမောင်းနိုင်ရမည်။

၉။ **Security (Dayship/ Nightship)** ကျား (၂) ဦး
အသက်(၄၅)နှစ်နှင့်အထက်ဖြစ်ရမည်။

လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ (၁)လအတွင်း ရိုက်ထားသောဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာတိုက်သေတ္တာအမှတ်(၆၁၂)သို့ (အရည်အချင်းပြည့်မီသူများသာ)လျှောက်ထားနိုင်ပါသည်။

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေ၊ အမိန့်–၂၁၊ နည်း–၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ်(၉၅)

ဦးသန်းနိုင် **နှင့်** မြားစက္ကူဝန်ဆောင်မှုလီမိတက် (Arrow Paper Service Co., Ltd.)

တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်(၈၈၁/၀၃)တွင် ၂၇–၂–၂၀၀၄ရက်စွဲပါ ငွေဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းတရားရုံး၊ ဘီလစ်ရုံးခန်းတွင် ၂၀၀၄ခုနှစ် မေလ(၁၄)ရက်နေ့၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ယာဉ်အမှတ်– ၅ခ/၄၆၆၄ (SUZUKI CARRY) (၁)စီး
ကြမ်းခင်းဈေး ကျပ် (၅၄)သိန်း

မှတ်ချက် (က) အထက်ဖော်ပြပါ ကားသည် တရားရှုံးကုမ္ပဏီပိုင်ဖြစ်သည်။
(ခ) ဖော်ပြပါကားသည် ရန်ကုန်တိုင်းတရားရုံးဘီလစ်လက်ဝယ်တွင် ရှိနေပါသည်။

လေလံတင်ရောင်းချသည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၄ခုနှစ် ဧပြီလ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။ **လှဝင်း(တွဲဖက်တိုင်းတရားသူကြီး–၈)**
ရန်ကုန်တိုင်းတရားရုံး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၊ ဘ/၅၈၇၈ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာထည့်သွင်းသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မှတ်ပုံတင်နှင့် ယာဉ်မောင်းလိုင်စင် ၁၅–၄–၂၀၀၄ အင်းလျားလမ်း၌ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါ။ **မောင်စံထွန်း**
၀၉–၈၀ ၂၂၇၀၅။

ကျေးဇူးတင်ရှိခြင်း

ဗိုလ်ဇော်ဇော်အောင်

B.E(Mech)

ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းပံ့ပိုးကူညီကြသော အင်းတကော်တပ်မှ တပ်ရင်းမှူးနှင့် ဇနီးအား လည်းကောင်း၊ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့် မိသားစုများအားလည်းကောင်း၊ သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

Cosmic Engineering Group

အီလက်ထရောနစ်သင်တန်းနှင့် အဲယားကွန်းသင်တန်းများကို ဆိုင်ဖွင့်နိုင်သည်အထိ သင်ပေးမည်။ နယ်ဘော်ဒါရှိသည်။

အမှတ်(၃၁)၊ ဓမ္မဝိဟာရလမ်း(ကျောက်မြောင်းဈေးအနီး)၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၉၈၉၇။

မြို့တော်ဂေါက်ကွင်းရေကူးကန်

နေ့စဉ်ကြော်ငြာများနှင့် VCD, Karaoke များတွင် မြင်တွေ့နေကျလှပသော ရေကူးကန်တွင် အသင်းဝင်မဟုတ်သော ပြင်ပဧည့်သည်များပါ လာရောက် ရေကူးအပန်းဖြေနိုင်ပါပြီ။

*** သီရိမင်္ဂလာလမ်း၊ အင်းစိန်၊ ဖုန်း–၆၄၃၅၀၈။**

Computer Service

(Best Performance & Best Quality)

NAWARAT Computer Sales, Maintenance & Rental

No.(135), Bogalayzay St.(UPPER) Botataung Tsp.

Tel: 29 57 58, E-mail:

ဝန်ထမ်းများ အမြန်အလိုရှိသည်

1) Assistant Business Development Manager

2) Accountant, Assistant Accountant

3) Cashier

4) Graphic Designer

5) Hardware Technician

6) Network Operator

7) Marketing Assistant

Co., Ltd.

Media Management & Insurance Services.

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မခိုင်ခိုင်သန်း[၁၁/စတန(နိုင်)၀၂၂၀၈၂]သည် ကျွန်တော်၏ သွန်သင်ပြုပြင်ပေးမှုကို မနာခံဘဲ ကျွန်တော်မရှိစဉ် ၂၅–၆–၂၀၀၃နေ့က မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ကျွန်တော်၏ ဇနီးမယားအဖြစ်မှ (လုံးဝ)ရာသက်ပန် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝ လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ကိုထွန်းလှိုင်
[၁၂/မဂတ(နိုင်)၀၃၆၃၇၀]။

ကျေးဇူးတင်ရှိခြင်း

၂၂–၄–၂၀၀၄နေ့တွင် ကွယ်လွန်သွားခဲ့သော သမီးလေး မေသွယ်ခိုင်(ခ) မိုနီအား ဆေးဝါးကုသပေးခဲ့သော ကလေးဆေးရုံမှ တာဝန်ကျဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ သမီးလေး၏ ဈာပနကိစ္စအဝဝတွင် မေတ္တာစေတနာအပြည့်အဝဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများအားလည်းကောင်း၊ သမီးလေး၏ ဈာပနသို့ လိုက်ပါ ပို့ဆောင်ပေးခဲ့သော အထက (၁)ဒဂုံမှ ဆရာ၊ ဆရာမများ၊ သမီးလေး၏ သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ဝတ်ရွတ်ပူဇော်ပေးသော ဗျိုင်းရေအိုးစင် ရွာမ ရပ်ကွက်မှဝတ်အသင်းအားလည်းကောင်း၊ ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးခဲ့ကြသူများနှင့် လွမ်းသူ့ပန်းခြင်း၊ လွမ်းသူ့ပန်းခွေပို့ပေးခဲ့ကြသူများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးချစ် အသက်(၈၀)

မြန်မာ့မီးရထား(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

သာကေတမြို့၊ (၂)မြောက်ရပ်ကွက်၊ အနော်မာ(၁၉)လမ်း၊ အိမ်အမှတ်(၁၃)နေ(ဦးစ–ဒေါ်မမ)တို့၏သား၊ ဒေါ်တင်အေး၏ခင်ပွန်း၊ ဦးကြည်ထွေး–ဒေါ်ရင်၊ ဦးချစ်သိန်း–မစန်းတို့၏ဦးလေး၊ ဦးပြုံးချို၊ မခင်အုံးချစ်၊ မတင်တင်ချစ်၊ မခင်မြချစ်၊ မသန်းသန်းအေးတို့၏ဖခင်၊ မြေး(၄)ယောက်တို့၏အဘိုးသည် ၂၅–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ကသာခရိုင်အသင်း(ရန်ကုန်)

ဒေါ်သောင်းသောင်း

အသက်(၈၈)နှစ်

(ကသာ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၇–ဘီ)၊ အောင်ဇေယျလမ်းသွယ်(၂)၊ ရွှေတောင်ကြား (၁)ရပ်ကွက်နေ (ဒေါက်တာဦးသိန်း)၏ဇနီး၊ ဒေါက်တာဒေါ်ခင်ဝင်းသိန်း၊ ဦးကျော်မြင့်သိန်း၊ ဦးဝင်းမြင့်သိန်း၊ ဒေါ်ချိုချိုသိန်း၊ ဒေါ်ခင်ကြည်ကြည်သိန်းတို့၏ မိခင်ကြီးသည် ၂၄–၄–၂၀၀၄ရက်တွင် ကွယ်လွန်၍ ၂၆–၄–၂၀၀၄(တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်မိသားစုများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဘုရား၊ကျောင်း၊တန်ဆောင်း၊ ဇရပ်၊ရေတွင်း၊ရေကန်၊ရဟန်း ဒါယိကာမကြီး

ဒေါ်ခင်ကြည် (၇၂)နှစ်

(ရွှေတောင်မြို့)(မြပိုးထည်တိုက်)

ရွှေတောင်မြို့နေ (ဦးခင်မောင်–ဒေါ်ထားပု)တို့၏သမီးငယ်၊ ရန်ကုန်မြို့၊ လမ်း(၃၀)၊ အမှတ်(၂၃၇)၊ ဒုတိယထပ်နေ (ဦးမြ)–ဒေါ်ညွန့်ညွန့်ခင်တို့၏ညီမ၊ မောင်လှသောင်း၊ မောင်မြင့်ကြည်တို့၏ အစ်မ ဒေါ်ခင်ကြည်သည် ၂၀–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂–၄–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

မြိတ်အသင်း

ဒေါ်တင်တင်အေး(ခ)ဒေါ်ကြက်မ

အသက်(၅၇)နှစ်

(မြိတ်)

မြိတ်မြို့၊ တလိုင်းစုရပ်နှင့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ (၈၉)၊ သိပ္ပံလမ်းနေ ဦးယုစိုက်–(ဒေါ်ရှုတင်)တို့၏ သမီးကြီး ဒေါ်တင်တင်အေး(ခ)ဒေါ်ကြက်မသည် ၂၄–၄–၂၀၀၄ရက်တွင် အကယ်ဒမီဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

Ruby ☎ 725317, 650523

ရွှေသတင်း

☎

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဈ/၅၃၁၀ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာထည့်သည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး၊ မင်းဘူးသို့ လာရောက် ဆက်သွယ်ပါရန်။ **ကညန၊ ခရိုင်ရုံး၊ မင်းဘူး။**

တိုက်ခန်းငှားရန်ရှိသည်

တာမွေမြို့နယ်လမ်းမကြီးဘေးတွင် (မြေညီ) ၁၈'X၄၅' အဆင့်မြင့် ပြင်ဆင်ပြီး၊ Air-con ပါ၊

ဆက်သွယ်ရန် (ရုံးချိန်)
ဖုန်း–၀၉ ၈၀ ၂၂၄၉၃။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ခင်မောင်မောင်ကျော် (CDC-40983)၏ EDHလက်မှတ် No. 9247/02 ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါ။

ဖုန်း–၇၀၉၂၅၀။

(၁)နှစ်ပြည့်အလွမ်း

ကိုဇော်လင်း

မြတ်ရွှေဇော် ဗီဒီယိုဖြန့်ချိရေး
တိုက်ကြီး–ပြည်

ကိုဇော် ကိုယ်တို့နှင့် ခွဲခွာသွားသည်မှာ ၂၈–၄–၂၀၀၄တွင် (၁)နှစ်ပြည့်သော်လည်း လုံးဝ မမေ့မရပါ။ ကောင်းရာသုဂတိ ရောက်စေကြောင်း ဆုမွန်ကောင်း တောင်းလျက်။

ကိုအောင်ကြိုင်
အောင်မင်း ဗီဒီယိုမိသားစု၊
ဥက္ကံမြို့။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းရွှေ (၆၇)နှစ်

(ဟင်္သာတ)

ရန်ကုန်မြို့၊ အမှတ်(၁၄)၊ မဂ္ဂင်လမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ (ဦးလှမောင်–ဒေါ်အေးကြည်)တို့၏သား၊ (ဦးအုန်းမောင်)–ဒေါ်သိန်းခတို့၏ သားသမက်၊ ဦးစိန်ထွန်း–ဒေါ်ခင်ငြိမ်း (ဟင်္သာတ)၊ ဦးကျော်ရှိန်–ဒေါ်စန်းစန်း (ဟင်္သာတ)တို့၏ညီမောင်၊ (ဗိုလ်မှူးမြင့်မောင်)–ဒေါ်တင်တင်အေး(ဟင်္သာတ)၊ ဦးသိန်းစိုး၊ ဗိုလ်ကြီးကံညွန့်–ဒေါ်သန်း သန်းအေး၊ ဦးဌေးဝင်း–ဒေါ်ဝါဝါကိုတို့၏ အစ်ကို၊ ဒေါ်သင်းသင်း၏ခင်ပွန်း၊ဒေါ်မြတ်မြတ်မိုး (ပြည်တွင်းအခွန်များဦးစီးဌာန)၊ဒေါ်အေးအေးစိုး၊ဦးရဲဦး၊ဦးထွန်းလင်းတို့၏ မွေးသဖခင် ဦးသိန်းရွှေသည် ၂၆–၄–၂၀၀၄ (တနင်္လာနေ့)နံနက် ၇နာရီ၁၅မိနစ်တွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကင်း၊ ကျောက်ကုန်းနေအိမ်မှ ကားများမွန်းလွဲ၂နာရီတွင် ထွက်ပါမည်)။ကျန်ရစ်သူမိသားစု။

စစ်တောင်းအသင်း

ဒေါ်တင်အောင် (၆၃)နှစ်

ကျိုက်ထိုမြို့နယ်၊ စစ်တောင်း(ဆရာဦးဖေအောင်–ဆရာမဒေါ်ငွေတင်)တို့၏ သမီးကြီး၊ ဦးဝင်းကြည်(ရပက၊ ငြိမ်း၊ လက်ပံတန်း)၏ဇနီး၊ ကိုအောင်မျိုး၊ မအေးအေးချို၊ မလွင်မာချို၊ မသီတာချို၊ မသန္တာချို၊ မဥမ္မာချိုတို့၏မိခင်သည် ၂၂–၄–၂၀၀၄ရက်တွင် လက်ပံတန်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄–၄–၂၀၀၄ရက်တွင် လက်ပံတန်း အရှေ့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့။

ဦးကင်းညွန့်
အသက်(၈၅)နှစ်
(ချောက်မြို့)

ရန်ကုန်မြို့နေ ဦးတင်ဝင်း-ဒေါ်ပီကြူး၊ အောင်လံမြို့နေ ဦးထွန်းအေး-ဒေါ်သီဂီ၊ ချောက်မြို့နေ ဦးဝင်းဇော်-မလှမြင့်၊ ရန်ကုန်မြို့နေ ဦးမောင်မောင်တင့်-(ဒေါ်သန်းဌေး)၊ ရန်ကုန်မြို့၊အောင်မင်္ဂလာအဝေးပြေးကားဝင်းနေ ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်းဌေး၊ မခင်နု၊ မန္တလေးမြို့နေ ဦးမောင်မောင်ဆင့်-ဒေါ်တင်တင်မွှေး၊ ဦးမောင်မောင်-ဒေါ်မီမီလွင်၊ ရန်ကုန်မြို့နေ ဦးစန်းလွင်-ဒေါ်ဝါဝါတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ကွယ်လွန်သူဒေါ်မွှေး၏ ချစ်လှစွာသောခင်ပွန်း၊ မြေး ၂၁ယောက်၊ မြစ်လေးယောက်တို့၏အဘိုး ဦးကင်းညွန့်သည် ရန်ကုန်မြို့ရွှေဂုံတိုင် အထူးကု ဆေးခန်း၌ ၂၀-၄-၂၀၀၄ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်သောင်း
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ မင်းရွာကျေးရွာနေ (ဦးမောင်တင်-ဒေါ်လှမေ)တို့၏သမီး၊ (ဦးကျော်မြ)၏ ဇနီး၊ မဂျမ်းစိန်၊ ကိုဖိုးရွှေ-(မနီတွတ်)၊ ဦးကျော်သောင်း (မြို့ပြ/မြေယာ၊ မြို့တော်စည်ပင်)-ဒေါ်ခင်မြ (ထွေ/အုပ်-မှော်ဘီ)၊ ကိုထွန်းအေး-မတင်ရီ၊ ကိုဘခက်-မမြင့်မြင့်ကြည်၊ ကိုမြင့်သန်း-မကျင်လှိုင်တို့၏ မွေးသမိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ မင်းရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသံချောင်း
အသက်(၇၅)နှစ်
(တောသားလေး ဒန်အိုးစက်ပိုင်ရှင်)

(ဦးသာဒင်-ဒေါ်အေးချယ်)တို့၏ သားကြီး၊ (ဦးဖိုးဦး-ဒေါ်ဒီး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်နေ ဒေါ်အုန်းရင်၏ ခင်ပွန်း၊ ဗိုလ်မှူးမင်းဟန်(ငြိမ်း၊ နယ်စပ်စည်ပင်ဝန်ကြီးဌာန)-ဒေါ်သန်းသန်းဌေး၊ ဦးနိုင်စိုး-ဒေါ်ယဉ်ယဉ်ဌေး၊ ဦးလှဌေး-ဒေါ်အေးမိငယ်တို့၏ မွေးသဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုး ဦးသံချောင်းသည် ၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၀၄ (သောကြာနေ့) ညနေ ၄နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှသောင်း
အသက်(၇၁)နှစ်
(ရွှေတောင်)

မြပိုးထည်တိုက် ဒေါ်ညွန့်ညွန့်ခင်၊ (ဒေါ်ခင်ကြည်)တို့၏ မောင်၊ ဦးမြင့်ကြည်၏ အစ်ကို ဦးလှသောင်းသည် ၂၅-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၀၄ရက် နံနက် ၉း၄၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်မြမြဝင်း(ခ)ရဖီယာဘီ
အသက်(၅၈)နှစ်
B.Sc (Maths) B,A(II)
စာရင်းစစ်မှူး(ငြိမ်း)၊
ဒဂုံ(တောင်)မြို့နယ်စာရင်းရုံး

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (B/12)လမ်း၊ တိုက်(၂၄)(အပေါ်ထပ်)နေ (ဦးသိန်းအောင်-ဒေါ်မမလေး)တို့၏ သမီး၊ (ဦးတင်အေး၊အောင်ဆန်းအဆုတ်ဆေးရုံ)-ဒေါ်မြရီ၊ဦးဖေသန်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ရီ(စာရင်းစစ်မှူး၊ငြိမ်း)တို့၏ ညီမ၊ ဦးစိုးအောင်(ရေနံ၊ခနိတော)-ဒေါ်ရီရီဝင်း (ဗိုလ်တထောင်ဒေသန္တရ ကျန်းမာရေးဌာန)၏အစ်မ၊ဦးခင်မောင်ကြည်-ဒေါ်ဝင်း၊ ဗိုလ်မှူးခင်မောင်ရီ (ငြိမ်း)-ဒေါ်ဝင်းဝင်းစိန်၊(ကိုခင်မောင်အေး Y.C.D.C)၊ ဒေါ်ခင်သီတာဝင်း(Traders Hotel)၊မောင်အောင်စိုးဝင်း (ထ-၆၊ ဗိုလ်တထောင်)၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၆-၄-၂၀၀၄ရက်တွင် မဟာဗန္ဓုလ ပန်းခြံလမ်း၊ မွတ်ဆလင်ဆေးရုံကြီး၌ အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးစွန်နီ ကာဘာရ်စတန်၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ခင်လှ
အသက်(၉၀)
(အောက်ပုဇွန်တောင်)

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ မလွှကုန်းလမ်း၊ အမှတ်(၉၆)နေ (ဦးအေးမောင်-ဒေါ်လွန်း)တို့၏ သမီး၊ (ဦးအုန်းမောင်)၏ဇနီး၊ (ဦးအောင်မြင့်)-ဒေါ်နှင်းမြိုင်၊ ဦးကျော်စိုး-ဒေါ်တင်မြင့်၊ ဦးကောင်းကြွယ် - ဒေါ်မြသိန်း (အကောက်ခွန်)၊ ဦးကျော်မြင့်-ဒေါ်ဝင်းဝင်း(ကုန်သွယ်/လယ်ယာ)၊ ဦးစိန်သောင်း(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်ညိုညို၊ ဦးကျော်ဝင်း-ဒေါ်ကြည်ကြည်အေး (စိုက်ပျိုးရေး-ဝယ်/ဖြန့်)၊ ဦးဇော်ဝင်း(အကောက်ခွန်)-ဒေါ်အေးအေးရီ၊ ဦးညွန့်ခင်-ဒေါ်မြင့်မြင့်သန်း (စိုက်ပျိုးရေး-ဝယ်/ဖြန့်)၊ ဦးမောင်မောင်အေး(MPE)-ဒေါ်ထွေးထွေးတို့၏ မွေးသမိခင်၊ မြေး ၁၆ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၂၇-၄-၂၀၀၄ရက်တွင် မဟာမြိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(မလွှကုန်းနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

၃-၅-၂၀၀၄ရက်တွင် မလွှကုန်းနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာခင်မာဝေ(ခ)
ROSE MARIE
Ph. D. Biological Sciences (Japan)
အသက်(၅၄)နှစ်
အချိန်ပိုင်းတွဲဖက်ပါမောက္ခ၊ ဇီဝနည်းပညာမဟာဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ မြစံပါယ်လမ်း၊ အမှတ်(၃၀)နေ၊ အငြိမ်းစားသံအမတ်ကြီး ဦးခင်မောင်လေး-(ဒေါ်ခင်မမေ)တို့၏ သမီးကြီး၊ ဒေါက်တာခင်မာဆွေ - ဦးသန့်ဇင်(ဒု-အင်ချုပ်၊ ဗိသုကာ၊ ပဆင)၊ ဦးခင်မောင်ထွန်း(ကျောက်မျက်၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်း(ပါမောက္ခ-သတ္တဗေဒ၊ မြိတ်တက္ကသိုလ်)၊ ဒေါ်ခင်မာအေး၊ ဒေါ်ခင်မာထွေး၊ ဦးသန်းဌေး-ဒေါ်မိုးဆန်းတို့၏ အစ်မကြီး၊ မောင်ကျော်သန့်ဇင်၊ မစုနန္ဒာ၊ မောင်ရဲလင်းမြတ်(T.T.C)တို့၏ ကြီးကြီးသည် ၂၇-၄-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၉-၄-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် St-Jude ဘုရားရှိခိုးကျောင်း(ရန်ကင်း)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းထွန်း
အသက်(၅၂)နှစ်
ရောမြေကုမ္ပဏီ (မော်တော်ယာဉ်မှူး)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ်(၁)လမ်းနေ (ဦးချစ်စိန်-ဒေါ်စန်းမြင့်)တို့၏ သား၊ ဦးတင်ထွန်း-မဝေ၊ ဒေါ်ခင်ချိုတို့၏ ညီ/မောင်၊ ကိုမြင့်ဦး-မခင်ကြူကြူ၊ ကိုသိန်းဝင်း-မအေးအေးနွဲ့၊ ကိုသက်နိုင်-မမြင့်မြင့်ကြူ၊ မခင်ပြုံးဇင်၊ ကိုခင်ထွန်း၊ ကိုသက်ထွန်း-မဘေဘီဝင်း၊ ကိုဉာဏ်ထွန်း-မသန္တာထွေးတို့၏ အစ်ကို၊ မနီတာ၏ ချစ်လှစွာသောခင်ပွန်း၊ နိုင်ဝင်းထွန်း(M.G.C)၊ ကျော်သူဟိန်းတို့၏ ချစ်လှစွာသောဖခင်သည် ၂၈-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၀၄ရက် ညနေ ၃နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းမြင့်
အသက်(၉၆)နှစ်
(ဒါးပိန်)

ဒါးပိန်မြို့နေ ဦးစံဖူး-ဒေါ်နှင်းသုန်တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဆရာမောင်ဆေးတိုက်)(သမားတော်ကြီးဆရာမောင်-ဒေါ်မှုန်)တို့၏ သမီးချွေးမ၊ ဦးသိန်းဖေ၏ ဇနီး၊ ဒေါ်သန်းညွန့်၊ ဦးခင်မောင်၊ ဒေါ်ခင်မြတို့၏ ညီမဖြစ်သူ ဒေါ်အုန်းမြင့်သည် ၂၇-၄-၂၀၀၄ရက် ညနေ ၆း၃၀နာရီတွင် အမှတ်(၃/ခ)၊ ဦးထွန်းငြိမ်းလမ်း၊ မရမ်းကုန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက် နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးလှမောင်
အသက်(၇၈)နှစ်
တပ်မတော်(ရေ)(ငြိမ်း)
(သုဝဏ္ဏ)

ရန်ကုန်မြို့နေ (ဦးထွန်းရှန်-ဒေါ်စောရင်)တို့၏ သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊သုဝဏ္ဏ(၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ အမှတ်(၂၈/၆)နေ (ဒေါ်တင်မြ)၏ ခင်ပွန်း၊ (ဦးအောင်ထွန်း)၊(ဦးသက်လွင်)၊ ဦးကျော်စိုး၊ ဦးနေမျိုးတို့၏ မွေးသဖခင် ဦးလှမောင်သည် ၂၈-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၀၄(သောကြာနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး
ဒေါ်မြိုင်
အသက်(၉၄)နှစ်
(တံတားမြို့)

ရန်ကုန်မြို့၊ အမှတ်(၁၈၂)၊ ပိတောက်လမ်း၊ (၁၀)တောင်၊ (၁၃)ရပ်ကွက်၊ သန်လျင်တံတား အိမ်ရာဝင်း၊သာကေတမြို့နယ်နေ(ဦးလှအို-ဒေါ်ဗန်း)တို့၏သမီး၊ (ဦးစံညွန့်)၏ဇနီး၊(ဦးသိန်းဟန်- ဒေါ်နွဲ့)၊ ဦးထွန်းသိန်း-(ဒေါ်လှမြင့်)၊ ဦးထွန်းအောင်ကျော်-(ဒေါ်စိုးမြင့်)၊ (ဦးတင်ဝင်း-ဒေါ်လှနွဲ့)၊ ဦးအောင်သောင်း-ဒေါ်ခင်နု၊ ဦးတင်ရွှေ-ဒေါ်တင်မြင့်၊ ဦးမြသွင်-ဒေါ်သောင်းကြည်၊ ဦးချစ်ဆွေ-ဒေါ်တင်မြ၊ ဦးစိုးလွင်-ဒေါ်ယဉ်ယဉ်နွဲ့တို့၏ မွေးသမိခင်၊ မြေး၄၆ယောက်၊ မြစ် ၅၀ယောက်၊ တီနှစ်ယောက်တို့၏ အဘွားသည် ၂၇-၄-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး
ဒေါ်စန်းကြည်
အသက်(၇၈)နှစ်
ဘိုကုန်း-အင်းစိန်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အမှတ်(၃၁)၊ ဦးဖိုးထွန်းလမ်း၊ ဘိုကုန်းရပ်ကွက်နေ (ဦးစိန်လွန်း-ဒေါ်သိန်းချစ်)တို့၏သမီး၊ (ဦးထွန်းလှ)၏ ဇနီး၊ ဦးဇဝနဂျင်မီထွန်းလှ-ဒေါ်စံပါယ်၊ ဒေါ်နီရင်းထွန်းလှ-ဦးထွန်းနေအောင်၊ ဦးရောဘတ်ထွန်းလှ(ထွန်းအကျိုးဆောင်လုပ်ငန်း)-ဒေါ်လှသန်း၊ ဒေါ်ဘာနာဒင်းထွန်းလှ-ဦးစန်းနိုင် (UNHCR မောင်းတော)၊ ဒေါ်အိုင်ရင်းထွန်းလှ၊ ဦးဂလင်းထွန်းလှ (TOTAL)-ဒေါ်ဥမ္မာဟန်၊ (ဦးပတ်ထရစ်ထွန်းလှ)-ဒေါ်အေးမာတို့၏ မိခင်၊ မြေး ၁၆ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၂၇-၄-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁-၅-၂၀၀၄ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းဒါယကာ
ကိုကျော်သူဝင်း
အသက်(၃၃)နှစ်
C.D.C 25783 (A/B)
Hanseatic. Shipping, Co., Ltd.

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၃၃၈)နေ ဦးမြဝင်း-ဒေါ်ကြည်ကြည်ဝင်း (လှယဉ်ယဉ်အထည်ဆိုင် မင်္ဂလာဈေး)တို့၏သားကြီး၊ ကိုကျော်သူ-မခိုင်မြရည်ဝင်း၊ ကိုအေးမောင်မောင်တို့၏အစ်ကို ကိုကျော်သူဝင်းသည် ၂၈-၄-၂၀၀၄ ရက်တွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ကြူ
အသက်(၈၃)နှစ်
ကုန်သွယ်/လယ်ယာ(ငြိမ်း)
လူထုပညာရေးဆဌမပတ်
(ပြည်မြို့)

ရန်ကုန်မြို့နေ (ဦးငွေ-ဒေါ်စိုးတင်)တို့၏သားကြီး၊ (ဦးမြင့်ကြိုင်)-ဒေါ်ခင်တင့်တို့၏ သားသမက်၊ ဦးလေးမောင် (လဝက-ငြိမ်း)၏အစ်ကိုကြီး၊ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အမှတ်(၂၇)၊ဇလွန်လမ်းနေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ ဦးသန်းစိုင်-ဒေါ်သိန်းသိန်းဖုံ၊ ကိုလှမြင့်အောင် (ဖောင်ကြီး-အထက) - မဝင်းဝင်းမာ၊ ဗိုလ်ကြီးမြင့်အောင်-မဆွေဆွေမာ၊ မပြုံးပြုံးမာ၊ကိုဝင်းကိုကို၊ ကိုမြင့်သန်း-မနီနီခင်၊ ကိုတင်ကိုကို၊ ကိုမျိုးမြင့်လွင်၊ ကိုကျော်ဝင်းထွန်း-မလှလှမိုး၊ (ကိုဝေလင်းထူး)၊ မသက်သက်(City Mart)၊ မနန်းခင်ခင်ကြူ(ပူးစူး)တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၄ယောက်၊မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည်၂၈-၄-၂၀၀၄ရက် တွင် ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၀၄(သောကြာနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးစန်းမောင်
အသက်(၄၅)နှစ်

မြင်းခြံမြို့၊ မြို့သစ်ရပ်ကွက်နေ (ဦးသာဆိုင်) - ဒေါ်တင်အောင်တို့၏ သားကြီး၊ မန်းရေနံမြေနေ ဦးတိုးလွင်-ဒေါ်သင်းသင်း၊ မြင်းခြံမြို့နေ ဒေါ်သင်းသင်းကြည်၏ အစ်ကို၊ ကိုအောင်ဆန်းဝင်း-မညွန့်ကြည်တို့၏မောင်၊ မြင်းခြံမြို့၊ (၁)ရပ်ကွက်နေ (ဦးကျော်သောင်း)-ဒေါ်သန်းရီတို့၏ သားသမက်၊ မြင်းခြံမြို့၊ ရွာစည်ရွာနေ ဦးကံညွန့်၊ ဦးကံမြင့်၊ ဒေါ်ခင်သန်း၊ ဒေါ်ခင်စန်းတို့၏ တူ၊ မိတ္ထီလာမြို့နေ ဒေါ်ပြုံးပြုံး၏ခင်ပွန်း၊ မောင်ရဲလင်းထွန်း၊ မသိမ့်သိမ့်ထွန်း၊ မမေအင်ကြင်ထွန်းတို့၏ ဖခင်၊ ဒုတိယဗိုလ်မှူးကြီးစန်းမောင်သည် မိတ္ထီလာမြို့၌ ၂၆-၄-၂၀၀၄ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် မိတ္ထီလာမြို့ စစ်သင်္ချိုင်း၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအားအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

မောင်မျိုးဇော်ထွန်း(ခ)ဖိုးဇော်
အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားရွာမ အနောက်ရပ်ကွက်၊ လှော်ကားလမ်းမနေဦးစံရင်(သစ်အုပ် - ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်ရွှေတို့၏ သားထွေး၊ ဦးလှဦး(TR,RLSU-2)-ဒေါ်စုစုလှိုင်(FF.3ငွေ)၊ ဦးအေးသိန်း (အမှတ်-၁၀၊ သစ်စက်)-ဒေါ်ဖြူဖြူလှ (အထက-၆၊ အလုံ)၊ ဦးဝင်းဌေး-ဒေါ်မြမြချစ်၊ ဦးဌေးအောင်- ဒေါ်အေးမြ၊ ဒေါ်မြင့်မြင့်စိန် (သစ်တောဖက်စပ်ဝါးတစ်ရာစက်ရုံ)တို့၏ ညီ/မောင်၊ ဦးဇော်လင်းထွန်း-ဒေါ်ရင်ရင်ထွေးတို့၏ အစ်ကိုသည် ၂၇-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၉-၄-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်ကြင်ညွန့်
အသက်(၉၀)
(ပန်တိုင်) ကြည့်မြင်တိုင်မြို့နယ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ အမှတ်(၄၄)နေ (ဦးပြားအုံ-ဒေါ်အေးခင်)တို့၏သမီး၊ (ကြံတိုင်းအောင်-ဦးဘသောင်း)၏ ဇနီး၊ ဦးတင်စိုး-ဒေါ်အေးအေးမြတ်၊ ဦးတင်ဝင်း-ဒေါ်သင်းသင်းရီ၊ (ဒေါ်တင်တင်ဝင်း)၊ ဒေါ်ခင်ချိုသောင်း၊ ဦးအောင်မြင့်စိန်-ဒေါ်ခင်မြင့်သောင်း၊ ဒေါ်ခင်အုန်းမြင့်၊ ဦးတင်ဦးမောင်-ဒေါ်သန်းသန်းဦးတို့၏ မိခင်ကြီး၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၇-၄-၂၀၀၄ရက်တွင် ဆာကူရာ ဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၉-၄-၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ချမ်ဖွန်ကြည်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၂၀၈)နေ (ချင်ငုတ်ကွေး)၏ ခင်ပွန်း၊ ဒေါ်လှလှရီ-ဦးညွန့်စိန်၊ အသဲန်း(ခ)ဦးလှထွန်း-မမြင့်မြင့်လှိုင်၊ အဖောင်(ကျော်ဝင်း)၊ အစိန်း(ခ)ဦးလှဝင်း-မအေးအေးသွယ်၊ မငုတ်ထွေး(ခ)မထွေးထွေး-ခင်မောင်ဝင်းတို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၆-၄-၂၀၀၄ရက်တွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျောင်းကုန်းမြို့နယ်အသင်း
ဦးမောင်မြ
အသက်(၈၂)နှစ်

ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့ ညောင်ပင်တန်း၊ အမှတ်(၃)ရပ်ကွက်နေ အသင်းဝင် ဦးသန်းစိုး၏ ဖခင်၊ ဦးမောင်မြသည် ၂၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် အထက်ပါနေအိမ်မှ ကျောင်းကုန်း အမှတ်(၃) ရပ်ကွက် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ချိုချို(ခ)ဒေါ်သန်းစီ
အသက်(၈၂)နှစ်

(ဦးဖိုးကွယ်-ဒေါ်မေရှင်)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေယာလမ်း၊ (၅၃၆/ဂ)နေ ဦးရဲဝင်း (လ/ထညွှန်ကြားရေးမှူး၊ငြိမ်း၊အကောက်ခွန်ဦးစီးဌာန)၏ ဇနီး၊ ဦးထွန်းစီ(ဒု-အကောက်ခွန်မှူး၊အကောက်ခွန်ဦးစီးဌာန)-ဒေါ်ဝင်းဝင်း၊ ဦးအောင်ထွန်း-ဒေါ်မာမာချိုတို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်ချိုချိုသည် ၂၇-၄-၂၀၀၄ရက် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၉-၄-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန် သင်္ချိုင်း၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့်ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်ရှေ့မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ငြိမ်း
အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း(၆)လမ်း၊ အမှတ်(၁၇)နေ (ဦးကြည်မောင်)-ဒေါ်ခင်ညွန့်(ခ)မရှမ်းတို့၏သား၊ ဦးညိုထွန်း- ဒေါ်ခင်အုန်းမြင့်(မြန်မာ့နှစ်ရှည်ပင်)၊ ဦးမောင်မောင်ဦး၊ ဒေါ်ခင်မြဝင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး)တို့၏ ညီ/မောင်၊ ဦးသန်းအောင်စိန်(နိုင်ဂရုဆောက်လုပ်ရေး)-ဒေါ်ခင်မြစိန်(ကမာရွတ်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး)၏ အစ်ကို၊ မရွှန်းလဲ့ဖြိုး(TTC)၊ လုံးလုံးပြည့်တို့၏ ဘကြီး ဦးကျော်ငြိမ်းသည် ၂၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုသလ
(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)
သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ တောကျောင်းတိုက်ကြီးနှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်ကြီး၏ ဦးစီးပဓာန၊ မဟာနာယက၊ တောကျောင်းပဝါရဏာဂိုဏ်းကြီး၏ ဂဏာဓိပတိ၊ လဒ္ဓိပေသလ သိက္ခာကာမ ဝိနယဂရုက၊ သံသာရဘီရုက၊ ပရိယတ္တိဆေက ဂဏာဝိရောနေ၊ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဆရာတော်ကြီးသည် (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၅ရက်)၊ (သောကြာနေ့) ည ၁၂း၁၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူပြီး ဖြစ်ပါ၍ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခု၊ ကဆုန်လပြည့်နေ့ ၃-၅-၂၀၀၄)ရက် မွန်းလွဲ ၂နာရီတွင် ထီးဖြူတော်ဖွင့် ကြာကလာပ်တင် စံကျောင်းချအခမ်းအနား ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပါမည်။)

တောကျောင်းတိုက်၊ စိန္တာမုနိဘုရားကြီးကျောင်းတိုက် တပည့်သံဃာတော်များနှင့် ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဇဋိလ
သိက္ခာတော်(၂၅)ဝါ၊ သက်တော်(၇၂)နှစ်
(အောင်ဗောဓိကျောင်း)

ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊(၆)ရပ်ကွက်၊ အောင်ဗောဓိကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဇဋိလသည် (၁၃၆၆ခု၊ ကဆုန်လဆန်း ၇ရက်) ၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့)တွင် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် အောင်ဗောဓိကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၆ခု၊ ကဆုန်လဆန်း ၁၃ရက်) ၁-၅-၂၀၀၄ (စနေနေ့)တွင် အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

အောင်ဗောဓိဒါယကာ၊ ဒါယိကာမများ။

ဒေါ်အေးအေးသွင်
အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်လတ်-ဒေါ်မမကြီး)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၀)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၄၅)နေ ဦးအုံးသွင်(ဗိုလ်မှူး-လျှပ်စစ်တပ်ဖွဲ့၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အငြိမ်းစား)၏ ချစ်လှစွာသော ဇနီး၊ ဗိုလ်မှူးတင်မောင်သွင်(ယာယီဒု-စက်ရုံမှူး)-ဒေါ်စန္ဒာ(ဦးစီးအရာရှိ၊ မကွေးတိုင်းတရားရုံး)၊ ဦးကျော်စိုးသွင်-ဒေါ်စိုးစိုးသွင်၊ ဗိုလ်မှူးမင်းသူသွင်(တပ်မတော်-ရေ)-ဒေါ်စိုးစိုးသန်း၊ ဒေါ်မေမြတ်သွင်၊ ဦးသူရသွင်-ဒေါ်မီမီကို၊ ဦးသီဟသွင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မခိုင်ဇာသွင်၊ မရည်မွန်မင်းခင်၊ ဖိုးသား၊ ဖိုးညီလေးတို့၏ အဘွားသည် ၂၆-၄-၂၀၀၄ရက် ည ၁၁နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မြခင်
အသက်(၈၆)နှစ်

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ အုံ့ကြီး အနောက်ရပ်ကွက်၊ဦးဥတ္တမလမ်း၊ အမှတ်(၇၈၀)နေ (ဦးဆင့်)၏ ဇနီး၊ ဦးအောင်ဌေး- ဒေါ်တင်ရီ၊ ဒေါ်ညွန့်တင်၊ ဦးသိန်းဝင်း-ဒေါ်ခင်လှ၊ ဦးမြသောင်း-ဒေါ်တင်မေ၊ ဦးတင်လှိုင်၊ ဦးသန့်ဇင်တိုး- ဒေါ်မြင့်မြင့်ကြည်တို့၏ မိခင်သည် ၂၇-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၉-၄-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် အုံ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်ကျော်ရှိန်(ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ မှော်ဘီမြို့၊ ကိုးလုံးကွင်းကျေးရွာ၊ စကားဝါလမ်း၊ အမှတ်(၃၁)နေ ဦးထင်အောင်-ဒေါ်သန်းတင်တို့၏ သား၊ ဦးဘအေး-ဒေါ်ခင်ကြည်တို့၏ သားသမက်၊ ဒေါ်ရင်မြင့်(ခ)ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ မောင်သူရရှိန်၊ နှင်းအိအိရှိန်၊ ကျော်စွာဟိန်းတို့၏ ဖခင်သည် ၂၇-၄-၂၀၀၄(အင်္ဂါနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကိုးလုံးကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်နွဲ့ဝင်း
အသက်(၆၄)နှစ်
ကုန်သွယ်ရေး(ငြိမ်း) (ပုသိမ်)

ပုသိမ်မြို့၊ အမှတ်(၃၆)၊ ရွှေစည်းခုံဘုရားလမ်းနေ (ဦးဟုတ်ချွန်-ဒေါ်လှကြည်)တို့၏သမီးကြီး၊ ဒုတိယဗိုလ်မှူးကြီး စိုးဌေး(ရေ-ငြိမ်း)-ဒေါ်သန်းဝင်း(ဦးစီးအရာရှိ၊ ငြိမ်း၊ နယ်စပ်ကုန်သွယ်ရေး)၊ (ဦးသန်းထွဋ်)-ဒေါ်ပွင့်ကြည်၊ ဦးလှသွင်-ဒေါ်စန်းဝင်း၊ ဦးနိုင်ဝင်း-ဒေါ်ခင်သန်းနွယ်တို့၏ အစ်မကြီး၊ တူ၊ တူမ ၁၃ ယောက်တို့၏ အဒေါ်သည် ၂၈-၄-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးချူဖတ်ချန်(ခ)
ဦးလောင်ဗှက်ကျောင်း(ခ)
ဦးကျုံး
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၂၃၁)၊(၃၇)လမ်းနေ ဒေါ်လျောင်လေအုံး၏ခင်ပွန်း၊ ဦးသိန်းကေ-ဒေါ်လျှန်လိစန်း၊ ဦးသိန်းကက်-ဒေါ်မာလာသွယ်၊ ဒေါ်လျူတင်ကျိန်း-ဦးမောင်မောင်ကြီး၊ ဒေါ်သိန်းမင်း၊ ဦးသိန်းစိုး-ဒေါ်သီသီလွင်၊ ဦးသိန်းစိန်-ဒေါ်စန်းစန်းထွေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁-၅-၂၀၀၄(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးခင်မောင်မြင့်
အသက်(၆၀)
တာဝန်ခံအယ်ဒီတာ(မဟေသီမဂ္ဂဇင်း)
မကွေးတိုင်း၊ အောင်လံမြို့နယ်၊ (တောင်) ရွှေသူဌေးကျေးရွာ၊ သုံးလောကဦးသျှောင် မာရ်အောင်ရတနာ ဆုတောင်းပြည့် စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း၊သင်္ဃန်းကျွန်းမြို့နယ်၊ ဈ/တောင်ရပ်ကွက်၊ သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက် ပစ္စယာနုဂ္ဂဟအဖွဲ့ဝင်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၇)လမ်း၊ အမှတ်(၃၅၈)နေဒေါ်ခင်အုန်းကြည်၏ခင်ပွန်း၊ ဒေါက်တာဖြိုးသီဟ (အထူးကု ဆေးရုံကြီး၊ ဝေဘာဂီ)၊ (မောင်ကျော် ဝဏ္ဏ)၊ မောင်ဖြိုးပိုင် (B.E Electronics)တို့၏ ဖခင်သည် ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဓမ္မမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားပါသည်။

ပစ္စယာနုဂ္ဂဟအဖွဲ့၊သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်

မြစ်ငယ်တံတား တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

သတ်မှတ်ကာလပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဧပြီ ၂၈

မန္တလေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၅ရက် နံနက်၇နာရီခွဲတွင် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါရှိ မန္တလေးမြို့ ဘုရားကြီးတိုက် နယားကျောင်းဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တမေဓိယာဘိဝံသအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများမေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီသီလရှင်စာသင်တိုက်သို့ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြဝတီသီလရှင်စာသင်တိုက် သုံးထပ်ကျောင်းဆောင်အတွက် အလှူငွေကျပ်သုံးသိန်းကို မန္တလေးတိုင်း သီလရှင်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ မြဝတီ သီလရှင်စာသင်တိုက်ဆရာကြီး စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✧

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တပ်မတော်(ရေ)

ရေကြောင်းရဲညွန့်လောင်း

(မန္တလေးစခန်း)သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို)နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်းရဲညွန့်လောင်း(မန္တလေးစခန်း)(အခြေခံနှင့်တန်းမြင့်) သင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ရက် နံနက် ၉နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် နေဝင်း၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆**

ရှာရန်ရာနှုန်း(၆၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲနှင့် ညနေပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀)ဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်းစစ်ဆေး

ရန်ကုန် ဧပြီ ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လှိုင်မိုတို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိရာ လေဆိပ်ရှိ အရေးကြီးပုဂ္ဂိုလ်နားနေဆောင်၌ မြစ်ကြီးနားလေဆိပ်၏ လက်ရှိလေယာဉ်ပြေးလမ်းအခြေအနေ၊ ဆက်လက် တိုးချဲ့နိုင်မည့် အခြေအနေနှင့် လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လေယာဉ်ပြေးလမ်းတိုးချဲ့နိုင်ရေးအတွက် မြေအနေအထားနှင့် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် မြစ်ကြီးနားလေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ပြီးစီးနေမှုနှင့် လေဆိပ်ဝန်းကျင် သာယာလှပရေး ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)